# <u>ယေရုရှလင်မြို့နှင့် သန့်ရှင်းစင်ကြယ်သောတိုင်းပြည်</u>

# Jerusalem and the Holy Land

ရာစုနှစ်ပေါင်းများစွာကတည်းကပင် ခရစ်ယာန်ဘာသာဝင်များက ယေရုရှလင်မြို့နှင့် သန့်ရှင်းစင်ကြယ်သောနိုင်ငံတော်ကို ရတနာအဖြစ်ရင်ထဲတွင်ထားရှိလာခဲ့ကြသည်။ ဂျူးလူမျိုးများအတွက် ယေရုရှလင်မြို့သည် ဒါဝိဒ်မင်းကြီး၏ နန်းတော်တည်ရှိရာဖြစ်ခဲ့ပြီး မပြိုကွဲနိုင်သော ယနေ့ခေတ်နိုင်ငံတော်ကြီး၏ မြို့တော်ကြီးလည်းဖြစ်ပါသည်။ သို့သော် မီးလောင်တိုက်သွင်းခြင်းခံခဲ့သောတိုင်းပြည်မှ ပြန်လည်ဝင်ရောက်လာသူများနှင့် နိုင်ငံရပ်ခြားနေထိုင်ရာမှ ပြန်ဝင်လာသူများသည် ထိုနိုင်ငံကို တိုင်းပြည်အဖြစ် သဘောထားကြသည်။ မူစလင်များအတွက်လည်း အထွဋ်အထိပ်ထားသော မြို့ဖြစ်၍ မူစလင်ကျောင်းတော်ကြီးကို အရှေ့ဖက်အရပ် အလယ်ဗဟိုတွင် တည်ဆောက်ခဲ့ကြသည်။ ခရစ်ယာန်ဘာသာဝင်များအတွက်၊ ခရစ်တော်လက်ဝါးကားတိုင်၌ အသေခံခဲ့သောနေရာနှင့် သမ္မာကျမ်းစာသမိုင်း၏ ဗဟိုချက်အဖြစ်ခံယူလာကြသည်။ လွန်ခဲ့သည့်နှစ်ပေါင်း (၂၀၀၀) ကျော်တုန်းက အသတ်ခံရသော ပုဂ္ဂိုလ်သည် ဤမြို့မှနေပြီး ရှင်ဘုရင်ဧကရာဇ်မင်းကြီးလုပ်ရန် မကြာခင်ကြွလာတော့မည်။ အစ္စရေးလ်နိုင်ငံသည်လည်း ကမ္ဘာ့နိုင်ငံပေါင်းစုံ၏ ပထမဆုံးနိုင်ငံတော်ကြီး ဖြစ်လာလိမ့်မည်ဟု ယုံကြည်နေကြသည်။ ထိုအခါ ယေရုရှလင်မြို့ထဲ၌ ဗိမ္မာန်တော်ကြီးပြန်လည်တည်ဆောက်ပြီး လူမျိုးပေါင်းစုံအတွက် လမ်းပြမြို့တော်ကြီး ဖြစ်လာလိမ့်မည်။ ထို့ပြင်ဤမြို့ထဲမှနေ၍ တကမ္ဘာလုံး ကောင်းစားရေးဖြစ်သော ကာကွယ်ရေးနှင့် ထိန်းသိမ်းအုပ်ချုပ်ရေးဥပဒေများကို ရေးဆွဲအတည်ပြုခြင်းရှိလိမ့်မည်ဟူ၍ ယုံကြည်နေကြသည်။ ထို့ကြောင့် ယခုတင်ပြမည့် အကြောင်းအရာများကို သေချာလေ့လာဖတ်ရှုပေးရန်နှင့် မေးခွန်းထုတ်ခြင်းများ ပြုကြရန်ဖိတ်ခေါ်အပ်ပါသည်။

## ကမ္ဘာကြီး၌အမှန်တကယ်လိုအပ်သောအရာများ

## What the World Really Needs

ယနေ့ကာလဖြစ်သော အပြည်ပြည်ဆိုင်ရာ ငြင်းခုံမှုဆက်တိုက်ဖြစ်ပွားနေသော ယနေ့ခေတ်ကာလ၊ သယံဇာတများကျဆင်းခြင်းနှင့် သွေးထွက်သတ်ဖြတ်ခြင်း ဆက်တိုက်ဖြစ်နေသောခေတ်ကာလ၊ ငတ်မွတ်ခေါင်းပါးခြင်းနှင့် ရာဇဝတ်မှုထူပြောလာသောခေတ်ကာလသည် ယခင်ကလောက် ကမ္ဘာ့ပြဿနာများကိုဖြေရှင်းမှုမရှိနိုင်တော့ချေ။ ပညာရှိလူကြီးများအဘယ်မှာရှိကြသနည်း။ အနိမ့်ဆုံးသို့ရောက်ရှိနေသောလူ့အဆင့်အတန်းကို မြှင့်တင်ပေးနိုင်သောပညာနှင့် စွမ်းပကားရှိကြပါသလား။

အဖြေသည်ကျမ်းစာထဲမှာရှိပါသည်။ နှစ်ပေါင်း (၄၀၀၀) ကတည်းကရေးသားလာခဲ့ပြီးဖြစ်သည်။ "လူသားမျိုးနွယ်အားလုံးအပေါ် အုပ်ချုပ်သူမင်းတစ်ပါးတည်းက အုပ်ချုပ်ရသောနေ့ရက်ကာလရောက်လာလိမ့်မည်" ဟုပါရှိသည်။ တဆူတည်းဖြစ်ပြီး မှန်ကန်သောဘုရားကို အတူတကွကိုးကွယ်ပြီး၊ လူသားမျိုးနွယ်ပေါင်းစုံကို တရားမျှတစွာအုပ်ချုပ်နိုင်စွမ်းရှိသော တောင့်တင်းသည့်အားနှင့် ပညာရှိကြီးပေါ်ထွန်းလာလိမ့်မည်။ လက်နက်စွဲကိုင်တိုက်ခိုက်ရန်အကြောင်းမရှိတော့သော ခေတ်ရောက်ရှိလာလိမ့်မည်။ တရားဥပဒေနှင့် ညီညွတ်ခြင်းမရှိမမှန်မကန်အုပ်ချုပ်သော မင်းများအရေးယူခြင်းခံရမည်။ ကမ္ဘာပေါ်ရှိအာဏာရှင်များ၊ အစိုးရများ၊ သမ္မတနှင့် ဝန်ကြီးချုပ်များသည် ကောင်းကင်ပိုင်ရှင်ရှင်ဘုရင်မင်းကြီးလက်ထဲသို့ သူတို့၏အာဏာကို အပ်နှင်းလာကြလိမ့်မည်။ ထိုသို့အုပ်ချုပ်မည့်သူသည် ဂျူးတို့၏ဘုရင်ကြီးဖြစ်သော "နာဇရက်မြို့သား ယေရှု" သာလျှင်ဖြစ်ကြောင်း သမ္မာကျမ်းစာက ဖေါ်ပြပါသည်။ ထိုယေရှုခရစ်တော်သည် ဤတကမ္ဘာလုံးကို အုပ်ချုပ်သောအခါ တိုင်းပြည်နိုင်ငံအားလုံးသို့ သူအမိန့်တော်



တော်မူသောတမန်ဖြစ်၏" (မာလ ၂း၇)။

ထို့ကြောင့် ယေရှုခရစ်တော်အရှင်မြတ်၌သာဘဝ၏ကျေနပ်အားရမှုကိုခံစားနိုင်ပါသည်။ ထိုသို့သောပါရမီရှင်များဘဝမှ ခရစ်တော်ပြန်ကြွလာချိန်တွင် နောင်ကာလ၌ လူဘာသာစကားအားဖြင့်ပြောဆို၍မမှီသော ဘုန်းတော်ဝင်စားခြင်းသို့ ရောက်ရှိသွားကြရမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် ယေရှုခရစ်တော်၏ နောက်လိုက်တပည့်တော်များဖြစ်ကြရင်း မနက်ဖြန်အတွက် ကမ္ဘာကိုတည်ဆောက်သူဖြစ်လာနိုင်သည်။ ထို့သို့လုပ်ကိုင်ခြင်းသည် အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်ပါသည်။ စာရှုသူမိတ်ဆွေတို့ မိမိရောက်ရှိခံစားနေရသော လူ့ဘဝကို သတိတရားရှိရှိစဉ်းစားဆင်ခြင်ကြပါ။ လူ့ဘဝရရှိလာရခြင်း၏ ရည်မှန်းချက်အကျိုးအမြတ် အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားထားကြပါ။ စိတ်ဓါတ်မှန်ကန်သော လူကြီးသူမများ စဉ်းစားတွေးခေါ်လာခဲ့သော အကြောင်းအရာများကို စဉ်းစားဆင်ခြင်ရင်း ထာဝရဘုရားရှင်၏ ဖိတ်ခေါ်ချက်ကို လက်ခံရန် ဆုံးဖြတ်ချက်ချလိုက်ပါ။ ဂတိတော်ပါအတိုင်း အနာဂတ်ကာလထဲသို့ ဝင်ရောက်ပြီးခါ ထာဝရအသက်ရှင်သန်သူ မုချဖြစ်သွားရမည်။ ဤဆုံးဖြတ်ချက်ထက်သာ၍အခြားသောအရာများ၌ စစ်မှန်သောတန်ဖိုးမရှိကြောင်း တင်ပြလိုက်ရပါသတည်း။

နောက်၊ ခရစ်တော်၏နာမတော်၌ ဗတ္တိဇံခံယူခြင်းနှင့်အတူ တရားတော် ကိုလိုက်နာကျင့်သုံးရခြင်းသည် ကယ်တင်ခြင်းနှင့်ဆိုင်သော အဓိကအချက်ကြီးဖြစ်ပါသည်။ ရှင်ပေါလုကလည်း "ယုံကြည်သမျှသောသူအပေါင်းတို့ကို ပြန်ကြည့် စေသော ဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏" (ရော ၁း၁၆)။ "ကိုးကွယ်သောသူ မှန်သမျှတို့သည်ခမည်းကို နာမ်ဝိညာဉ်နှင့်ဂုဏ်၊ သစ္စာနှင့်ဂုဏ်၊ ကိုးကွယ်ရမည့်အချိန်ကာလသည်လာ၍ ယခုပင်ရောက်လျက်ရှိ၏။ အကြောင်းမူကား၊ ထိုသို့ကိုးကွယ်သောသူတို့ကို ခမည်းတော်သည်အလိုရှိတော်မူ၏" (ယော-၄း၂၃)။

ထို့ကြောင့်ဗတ္တိဇံ (ရေ)ခံရခြင်းအမှုသည် ကယ်တင်ခြင်းဆိုင်ရာလုပ်ဆောင်ချက်ဖြစ်ပါသည်။ "အတွင်းပိုင်း၌ပြောင်းလဲနေသောစိတ်ထားကို အပြင်ဖက်၌လူတွေမြင်သာအောင်ပြုလုပ်ရသောလုပ်ဆောင်ချက်ဖြစ်ပြီး ခရစ်တော်ပြန်ကြွလာချိန်၌ သင့်ဘဝတခုလုံးသည်လည်း ပြောင်းလဲသွားခြင်း ရှိမည်" ဆိုသော အခြေခံတရားဖြစ်ပါသည် (၂ကော-၅း၄၊၁ကော-၁၅း၄၂-၄၆)။ လက်ခံလောက်သောအနေအထား၌ရှိသောသူများသည် တော်ဝင်ဘုရင့်ဘုန်းတော်ကြီးများဖြစ်ကြသည်။ သူတို့ကိုယခုခေတ်ခရစ်ယာန်ဘုန်းကြီးများနှင့်မရောထွေးမိပါစေနှင့်။ နောင်ကာလနှင့်ပတ်သက်သော ယဇ်ပုရောဟိတ်သည် ကျမ်းစာကိုလွဲမှားစွာ ကောက်ယူဟောပြောသူများခြားနားချက်ရှိပါသည်။ ထို့သို့လွဲမှားခြင်းကြောင့်ကယ်တင်ခြင်းလမ်းမှန်ကိုမပြနိုင်ခြင်းဖြစ်သည်။ ကျမ်းစာပါ မူရင်း "Priest" ၏အဓိပ္ပါယ်သည်-"ဖြောင့်မတ်ခြင်းတရားကို သင်ပြပေးသူဆရာ"- ဟူ၍သာဖြစ်၏။ ထို့ကြောင့် ပုရောဟိတ်၏နှုတ်ခမ်းသည် ဗဟုသုတပညာနှင့် ပြည်စုံရမည်။ တရားတော်ကို၊ ယေရှုခရစ်တော်ထံမှ လက်ခံရယူရမည်။ "ယဇ်ပုရောဟိတ်နှုတ်ခမ်းသည်ပညာကိုစောင့်ရမည်။ သူ၏နှုတ်၌လူတို့သည် တရားကိုရှာရကြမည်။ အကြောင်းမူကား၊ သူသည်ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားစေလွှတ်



နာခံကြရန် အမိန့်တော်ထုတ်လိမ့်မည်။ ခရစ်တော်သည် အထွဋ်အမြတ်အာဏာ တန်ခိုးအမျိုးမျိုးကို ပယ်ရှင်း၍၊ မိမိနိုင်ငံကို ဘုရားသခင်တည်းဟူသော ခမည်းတော်၌ပြန်အပ်တော်မူပြီးမှ ကမ္ဘာကုန်ရလတံ့။ ခရစ်တော်သည် ရန်သူအပေါင်းတို့ကို ခြေဖဝါးတော်အောက်၌ ချထားတော်မမူမှီတိုင်အောင် အုပ်စိုးတော်မူရမည်။ ဖျက်ဆီးခံရမည့်နောက်ဆုံးရန်သူသည် သေခြင်းဖြစ်၏ (၁ ကော - ၁၅ း ၂၄ - ၂၆)။ အထက်ပါ လုပ်ငန်ကြီးများအောင်မြင်နိုင်ရေးအတွက် နိုင်ငံပေါင်းစုံထံမှ အုပ်ချုပ်ရေးအခွင့်အာဏာမှန် သမျှချုပ်ကိုင်လိမ့်မည်။ "ထိုအရှင်၏ခရစ်တော်နိုင်ငံဖြစ်လေပြီ။ သူသည်လည်း ကမ္ဘာအဆက်ဆက်စိုး စံတော်မူမည်ဟုပြောဆိုကြ၏" (ဗျာ - ၁၁း၁၅)။ဂျူးလူမျိုးတို့က သူတို့၏မေရှိအားအလွန်ပင် အားကောင်းသောဘုရင်ကြီးအဖြစ် မျှော်လင့်နေကြ၏။ သို့သော် ပထမအကြိမ်ကြွလာချိန်ဖြစ်သော လွန်ခဲ့သောနှစ်ပေါင်း (၂၀၀၀) ကျော်တုန်း၌ဂျူးလူမျိုးက ငြင်းပယ်ခဲ့ကြသည်။ သူတို့၏မေရှိသည် ဘုရားရှင်၏ သိုးသူငယ်အသွင်ဖြင့် ပထမ၌လာပြီး အပြစ်အားလုံးသင်ပုန်းချေဖို့ရန်အတွက် သူ၏ခန္ဓာကိုယ်ကိုယဇ်ပူဇော်ကာ ထာဝရအသက်ကို လမ်းဖွင့်ပေးမည်ကို မသိရှိခဲ့ကြပါ။ ထို့ကြောင့်ဘုရားရှင်၏ရည်မှန်းချက်ထဲ၌ယေရှုခရစ်တော်ကို ကားတိုင်ပေါ် တင်သတ်ခြင်းသည် သူတို့၏အခန်းကဏ္ဍကိုဖော်ပြခဲ့ခြင်းဖြစ်ပါသည်။

ယေရှုခရစ်တော်သည် သူ့တပည့်တော်တို့ထံ "သူအသေခံမည်၊ ရှင်ပြန်ထမြောက်မည်၊ ကောင်းကင်ဘုံသို့ကြွမြန်းမည်၊ ပြီးမှတဖန်ပြန်လာဦးမည်" ဟု အတိအလင်းမှာထားတော်မူခဲ့ပါသည် (ယော ၁၄း၃)။ ခရစ်တော်မိန့်ဆိုချက်ကို ကောင်းကင်တမန်တော်များက ဤသို့ထောက်ခံခဲ့သည်။ "သင်တို့နှင့်ခွာ၍ ကောင်းကင်သို့ဆောင်ယူခြင်းကို ခံတော်မူသော ထိုယေရှုသည် သင်တို့မျက်မှောက်၌ကောင်းကင်သို့ ကြွသွားတော်မူသည့်နည်းတူ တစ်ဖန်ကြွလာတော်မူလတံ့ဟု

ပြောဆို၏” (တ ၁း၁၁)။ ယေရှုခရစ်တော်သည် ယခုမြင်တွေ့ရသောခန္ဓာကိုယ်အတိုင်း၊ အရှိကိုအရှိအတိုင်း (ပြောင်းလဲမှုမရှိ) ပြန်ကြွလာမည့်အကြောင်း အတိအလင်းဖေါ်ပြထားပါသည်။ ယုံမှားသံသယ ဖြစ်ဖွယ် လုံးဝမရှိပါ။

ယေရှုခရစ်တော်သည် တကမ္ဘာလုံးရှိ နိုင်ငံတိုင်းပြည်အသီးသီးမှ အုပ်ချုပ်မှုအာဏာကိုသိမ်းယူပြီး ဘုရားရှင်နိုင်ငံတော်ကို ဤကမ္ဘာမြေကြီးပေါ်မှာ တည်ထောင်ကာ အုပ်ချုပ်သွားပါလိမ့်မည်။ (ထာဝရအထိ)။ လူသားခေါင်းဆောင်များရှာဖွေနေလာခဲ့သောတိုင်းပြည်သည် ငြိမ်းချမ်းရေးရှိလာပြီး ကမ္ဘာသူကမ္ဘာသားတိုင်း စိုးရိမ်ကြောက်လန့်ခြင်း၊ လူသားမျိုးနွယ်တုံးအောင် သတ်ဖြတ်မှုခံရခြင်း၊ ငတ်မွတ်ခေါင်းပါး ခြင်းဆိုသော ဒုက္ခပြဿနာကို သခင်ယေရှုခရစ်တော်ကဖြေရှင်းပေးပြီး အားလုံးစိတ်ချမ်းသာ ကိုယ်ချမ်းသာ နေထိုင်ရသောဤကမ္ဘာမြေကြီးဖြစ်သွားလိမ်မည်။ - “ကောင်းကင်ဘုံရှင်ဘုရားသခင်သည် တည်ထောင်စေတော်မူမည်။ ထိုနိုင်ငံသည် အခြားသောလူမျိုးလက်သို့ မရောက်ရဘဲ၊ အထက်ဆိုခဲ့ပြီးသော နိုင်ငံရှိသမျှတို့ကိုချိုးဖဲ့ဖျက်ဆီး၍ အစဉ်အမြဲတည်လိမ့်မည်။ ထို့ကြောင့် ထာဝရဘုရားထံတော်မှ ချမ်းအေးသောအချိန်ကာလ သည်ရောက်လာ၍သင်တို့အဖို့အလို့ငှါ ခန့်ထားတော်မူနှင့်သောယေရှုခရစ်ကို စေလွှတ်တော်မူမည့်အကြောင်း သင်တို့အပြစ်များကို ပြေစေခြင်းငှါ နောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ ရောက်ကြလော့” (ဒံ - ၂း၄၄ နှင့် တ - ၃း၁၉-၂၀ အရ)။

ထို့ကြောင့်ယေရှုခရစ်တော်ဤကမ္ဘာတခုလုံး (နိုင်ငံအားလုံး) ကို အုပ်ချုပ်သောအခါ အစစအရာရာအကြီးအကျယ် ပြောင်းလဲခြင်းရှိမည်မှာ သေချာသည်။ စစ်တိုက်ခြင်းမရှိတော့ပါ။ အပြစ်ဒုစရိုက်ထိန်းသိမ်းနိုင်ပြီး ဖိနှိပ်ချုပ်ချယ်မှု၊ ဗိုလ်ကျမှုကင်းရှင်းသော အုပ်ချုပ်မှုအောက်၌ ကမ္ဘာသူကမ္ဘာသား လူမျိုးပေါင်းစုံတို့သည် ဖန်ဆင်းရှင်တန်ခိုးတော်စွမ်းအား အနန္တကိုအသိအမှတ်ပြု



ကျွန်ုပ်တို့က စိတ်ကူးယဉ်ပြီးမကြာခင်တည်ရှိလာတော့မည်-ဆိုသောအသိတရားနှင့် အတူသံသယကင်းစွာမျှော်လင့်စောင့်စားနိုင်ကြပါသည်။ မုချဧကန် ပြည့်စုံလာရမည်ဖြစ်သည်။

## <u>သင့်အတွက်ဘာကိုဆိုလိုပါသနည်း။</u> (What This Can Mean to You)

အထက်ပါဒုက္ခဆင်းရဲခြင်း ကင်းမဲ့ပြီး သာယာဝပြောသော ကမ္ဘာမြေကြီးထဲ၌ သင်တစ်ယောက်ပါဝင်နိုင်ရန် ယေရှုခရစ်တော်၏ သွန်သင်ချက်နည်းလမ်းအတိုင်း မိမိဘဝမိမိကိုယ်တိုင်တည်ဆောက်ရန်၊ သတင်းကောင်းတရားတော်မြတ်က သင့်အားဖိတ်ခေါ်လျက်ရှိပါသည်။ ယေရှုခရစ်တော်နှင့်အတူ အုပ်ချုပ်မည့်သူများသည် ခရစ်တော်၏အမိန့်တော်အောက်၌ ဖြောင့်မတ်ခြင်းတရားကို သွန်သင်ပေးသူ များဖြစ်ကြလိမ့်မည်။ အာမေဂက်ဒွန် (ခေါ်) အကြီးမားဆုံးသော မီးလောင်တိုက်သွင်းစစ်ပွဲကြီးထဲက အသက်မသေလွတ်မြောက်လာကြသူများ အားဆုံးမသွန်သင်မှုဖြစ်ပါသည်။ (ဟေရှာ ၃၀း၂၀-၂၁ အရ)။ ထို့ကြောင့် မကြာခင်ကာလ၌ပြောင်းလဲဖြစ်ပေါ်လာမည့် ထာဝရရှင်သန်မှုနှင့် ကျေနပ်အားရ မှုသည် ယေရှုခရစ်တော်၌သာတည်ရှိပါသောကြောင့် သူကိုစိတ်နှလုံးအကြွင်းမဲ့ ယုံကြည်မျှော်လင့်ဖို့သာရှိပါတော့သည်။

## <u>မည်သည့်အရာလိုအပ်သနည်း။</u> (What is required ?)

- “သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့ သွား၍၊ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြလော့။ ယုံကြည်၍ ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတံ့” (မ ၁၆း၁၅-၁၆)။ သတင်းကောင်းတရားတော်ကို ကောင်းစွာနားလည်သိရှိပြီး သက်သေခံပြောဆို ခြင်းပြုပြီး

"မြေကြီးစွန်းရှိသမျှတို့သည် သတိရ၍၊ ထာဝရဘုရားထံတော်သို့ ပြောင်းလဲကြလိမ့်မည်။ လူမျိုးနွယ်အားလုံးတို့သည် ရှေ့တော်၌ ကိုးကွယ်ကြလိမ့်မည်။ အကြောင်းမူကား၊ ထာဝရဘုရားသည် စိုးစံပိုင်တော်မူ၏၊ လူမျိုးတို့ကို မင်းပြုတော်မူ၏" (ဆာ-၂၂း၂၇-၂၈)။

"နောက်ဆုံးသောကာလ၌ ထာဝရဘုရား၏ အိမ်တော်တည်သောတောင်သည် တောင်ကြီးတောင်ငယ်တို့၏ထိပ်ပေါ်မှာ ချီးမြှောက်၍ တည်လိမ့်မည်။ ခပ်သိမ်းသော လူမျိုးတို့သည် ထိုတောင်သို့စုဝေးကြလိမ့်မည်။ များပြားသောသူတို့ကလည်း၊ လာကြလော့။ ထာဝရဘုရား၏တောင်တော်၊ ယာကုပ်အမျိုး၏ ဘုရားသခင်အိမ်တော် သို့တက်သွားကြကုန်အံ့။ လမ်းခရီးတော်တို့ကို ပြသသွန်သင်တော်မူ၍၊ ငါတို့သည် ခြေတော်ရာသို့ လိုက်သွားကြမည်ဟု ခရီးသွားလျက်ပြောဆိုကြလိမ့်မည်။ တရားတော်သည် ဇိအုန်တောင်မှငင်း၊ ထာဝရ ဘုရား၏ နှုတ်ကပတ်တော်သည် ယေရုရှလင်မြို့မှလည်းကောင်း ပေါ်ထွက်လိမ့်မည်။ ထာဝရဘုရားသည်လူမျိုးတို့တွင် တရားစီရင်၍၊ များပြားသောလူတို့ကို ဆုံးမတော်မူသဖြင့်၊ သူတို့ဓားလက်နက်များကို ထွန်သွားဖြစ်စေခြင်းငှါငင်း၊ လှံများကိုတံစဉ်ဖြစ်စေခြင်းငှါငင်း ထုလုပ်ကြလိမ့်မည်။တစ်ပြည်ကိုတစ်ပြည်စစ်မတိုက်။ စစ်အတတ်ကိုလည်းနောက်တစ်ဖန်မသင်ရကြ" (ဟေရှာ ၂း၂-၄)။

ကမ္ဘာသူကမ္ဘာသားအားလုံးသည် အထက်ပါပေါ်ထွန်းလာမည့် နိုင်ငံရေးသာယာအေးချမ်းမှုမျိုးကိုလိုလားတောင့်တစောင့်မျှော်နေကြသည်။ ထိုသို့သာယာဝပြောသောကမ္ဘာကြီးသည် ယေရှုရှလင်မြို့တော်မှ သခင်ယေရှုခရစ်တော်က လူမျိုးပေါင်းစုံအားလုံးအပေါ် အုပ်ချုပ်မှုစတင်သောအခါ အကောင်းအထည်ပေါ်လာမည်။ ယေရှုရှလင်မြို့တော်၌ တည်ဆောက်မည့်မဟာဗိမာန်တော်ကြီး ဝတ်ပြုကိုးကွယ်ရာ ပညာသင်ကြားရာမဟာကျောင်းတော်ကြီးဖြစ်လာမည်။ ထိုကာလကို



ကြလိမ့်မည်။ သူ့လုပ် ဆောင်သောအရာအားလုံးသည်၊ လူသားများအားလုံးက ချီးမွမ်းထောပနာပြုကြရလိမ့်မည်။ အမြင့်မြတ်ဆုံးသောနေရာ၌ ထာဝရဘုရားကိုချီးမွမ်းလာကြပြီး ကမ္ဘာကြီးအမှန်ပင်ငြိမ်းချမ်း၍ လူသားအားလုံးအတွက်ကောင်းကျိုးဖြစ်သော ခေတ်ရောက်ရှိလာမည်။ "ထိုသားသည်ကား၊ ကြီးမြတ်သောသူဖြစ်လိမ့်မည်။ အမြင့်ဆုံးသောဘုရား၏သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံရလိမ့်မည်။ သူ့အဘဒါဝိဒ်၏ ရာဇပလ္လင်ကို ထာဝရအရှင်ဘုရားသခင်သည် သူ့အားပေးတော်မူမည်။ ထိုသူသည်လည်း ယာကုပ်မျိုးနွယ်ကို အစဉ်မပြတ်အုပ်စိုးလိမ့်မည်။ သူ၏နိုင်ငံသည်လည်း ဆုံးခြင်းမရှိရဟု ပြောဆို၏" (လု - ၁း၃၂ - ၃၃)။

ထို့ကြောင့်ယုတ်မာဆိုးသွမ်းမိုက်မဲသူများ၏ အုပ်ချုပ်မှုအောက်သို့၊ ဤကမ္ဘာကြီးသည် ပြန်လည်ရောက်ရှိတော့မည်မဟုတ်ပါ။ ကမ္ဘာသူကမ္ဘာသားများသည်လည်း မည်သူ၏အနိုင်ကျင့်ဖိနှိပ်မှုမျှခံရတော့မည်မဟုတ်။ ပတ်ဝန်းကျင်ပျက်စီးခြင်း လည်းကင်းရှင်းသွားမည်။ ယနေ့ခေတ်ကာလကြုံတွေ့နေရသော မျှော်လင့်ချက်မရှိသည့် အနာဂတ်ဘဝလုံခြုံမှုမရှိသည့်ကမ္ဘာဟူ၍လည်း ရှိတော့မည်မဟုတ်ပါ။

## **ကယ်တင်ရာမြို့ကြီးယေရုရှလင် (Jerusalem:The City of Salvation)**

ခရစ်တော်အုပ်ချုပ်ရမည့် ယေရုရှလင်မြို့ကြီးသည် ယနေ့ခေတ်မြင်တွေ့နေရသော မြို့နှင့်တခြားစီဖြစ်ပါသည်။ အယူသည်းသောမြို့ အကြမ်းဖက်သောမြို့ပုံစံမဟုတ်တော့ပါ။ (ဟေရှာ - ၆၀ း ၁၈)၊ "အမှန်တရား၏မြို့ဖြစ်လာမည်" (ဇာ - ၈း၈)။ "မြေကြီးတစ်ပြင်လုံးရွှင်လန်းရာမြို့လည်းဖြစ်လာမည်" (ဆာ - ၄၈း၂)။ ယနေ့ခေတ်ကာလကြုံတွေ့နေရသော ရာဇဝတ်မှုခင်းများ၊ နိုင်ငံရေး လုပ်ကြံမှုများနှင့်လူမှုရေး၊ ဘာသာရေးဆိုင်ရာပြဿနာများဖြေရှင်းရပ်စဲသွားရန် သေခြင်းမရဏာကိုအောင်နိုင်သူအရှင်သခင်၏ အုပ်ချုပ်မှုယန္တရားသည် အတိုင်းတိုင်း အပြည်ပြည်

သို့ဖေါက်ထွင်းရောက်ရှိသွားမည်။ သစ်လွင်သော လူမှုရေးနှင့် ဘာသာတရား တစ်ခု တည်းအောက်၌ ကမ္ဘာသူကမ္ဘာသားအားလုံး စည်းလုံးညီညွတ်မှုရရှိကြမည်။ ထိုကဲ့သို့ အုပ်ချုပ်မှုစနစ်သစ်ကို ယေရှုခရစ်တော် ဘုရားသခင်၏ တန်ခိုးဖြင့်ထာဝရ အသက်ရသော သစ္စာရှိနောက်လိုက်တပည့်တော်များက အကောင်အထည် ဖေါ်ကြမည်။

## တကမ္ဘာလုံးအတွက်ကိုးကွယ်ရာအလယ်ဗဟိုဖြစ်လာမည့်ယေရုရှလင်မြို့တော်

## Jerusalem : Centre Of Universal Worship

ဤမြို့တော်သည် ခရစ်တော်၏နိုင်ငံရေးဆိုင်ရာ အလယ်ဗဟိုမြို့ဖြစ်လာ မည်သာမက ခရစ်တော်၏ဘာသာတရားဆိုင်ရာဝတ်ပြုကိုးကွယ်မှု ဌာနချုပ်လည်း ဖြစ်လာမည်။ ကြီးမားသော ဗိမာန်တော်မြို့ကြီးဖြစ်လာမည်။ ယင်းမြို့တော်၌ လူသားအားလုံး စည်းလုံးညီညွတ်လာကြပြီး ထာဝရဘုရား၏စစ်မှန်သော တရားတော်ကို လက်ခံလာကြမည်။ထိုဘုရားကျောင်းတော်တွင် ဟောပြောထုတ် ပြန်သောအမိန့်တော်တရားစကားများကို လူသားရှုထောင့်မဟုတ်သော ဘုရားရှင် ၏ရှုထောင့်မှ ရှုမြင်လက်ခံ ကျင့်သွားလာကြမည်။

ဤအကြောင်းများကို ခရစ်တော်ပထမကြွလာချိန် (လူ့ဘဝ ခံယူချိန်) ၌ ဟောပြောခဲ့ပြီးဖြစ်သည်။ "ယေရှုသည် ဗိမာန်တော်သို့ ဝင်တော်မူပြီးလျှင်၊ ဗိမာန်တော်၌ ရောင်းဝယ်သောသူတို့ကို နှင်ထုတ်၍ ပွဲစားခုံတို့ကိုငင်း ချိုးငှက် ရောင်းသော သူတို့၏ ထိုင်ရာကိုငင်း တွန်းလှဲတော်မူ၍ ဗိမာန်တော်ဝင်းအတွင်း၌ အဘယ်သူကိုမျှ ရောင်းဝယ်ခွင့်မပြုကြောင်း မြစ်တားတော်မူလျက်၊ ငါ့အိမ်ကို လူအမျိုးမျိုးဆုတောင်းရာအိမ်ဟူ၍ ခေါ်ကြလတံ့ဟု ကျမ်းစာ၌လာသည်မဟုတ် လော။ သို့သော်၊ သင်တို့သည် ထိုအိမ်ကို ခါးပြတွင်းဖြစ်စေကြပြီတကား ဟူ၍



သန့်ရှာထားသောနေရာ၌စုဝေးကြရလိမ့်မည်၊ ထိုနေရာသည် ဗိမာန်တော်ကြီးဖုံး ကွယ်ထားသောလုံးဝန်းသည့် စတုရန်းပုံစံ အိမ်ရာကြီး၏ အပြင်ဘက်ရှိ အလွန် ကျယ်ပြန့်သောထောင့်များဖြင့် လုံးဝန်းသည့်ခန်းမကြီးဖြစ်ပါသည်။ ထိုနေရာမှ သူတို့သည် ယဇ်ပလ္လင်တော်ကြီးကိုပါရှုမြင်နိုင်ကြသည်။ ထို့အပြင် ယေရှုခရစ် တော်နှင့်အတူ ဘုရားရှင်နိုင်ငံတော်ကြီးအား အတူတကွအုပ်ချုပ်နေကြသော သစ္စာရှိသူတော်စင်များက ခရစ်တော်အားဝိုင်းရံထားလျက်နေထိုင်ကြရပုံကိုပါ ရှုမြင်ခွင့်ရရှိကြလိမ့်မည်။ ယေရှုခရစ်တော်အား ဝိုင်းရံထားသည့် သူတော်စင်များ ၏ ရှေ့တော်ရှိဘုရားဝတ်ပြုကိုးကွယ်မှု၌ ပါဝင်နေသူများအတွက် ထူးခြားသော အကျိုးခံစားမှုများရှိကြသည်။ ခရစ်တော်ကအုပ်ချုပ်ရတော့မည်ဟူသော အတွေးကပင် ကျွန်ုပ်တို့အားချက်ချင်း ဆွဲဆောင်နိုင်မှုရှိပါသည်။ ထိုကဲ့သို့သော အသိတရား မျှော်လင့်ချက်တရားသည် ဘုရားတရားလိုက်စားကျင့်သုံးသူအဖြစ် ကျွန်ုပ်တို့အား မက်လုံးပေးနိုင်၍ ယခုလက်ရှိ မကောင်းမှု အမင်္ဂလာအဖြစ်အပျက် များသည် မကြာခင်ယေရှုခရစ်တော်က ထာဝရဘုရား၏ ကမ္ဘာကြီးနှင့် လူသား အားလုံးအတွက် ကြံစည်စီစဉ်တော်မူသည့်အတိုင်း အဆုံးသတ်တော့မည်။ ထာဝရ အုပ်ချုပ်သွားတော့မည့်အကြောင်းကို သဘောပေါက်နားလည်စေနိုင်ပါသည်။

## အရေးကြီးသောကျမ်းချက်များ၏ အနက်အဓိပ္ပါယ်အသစ်များ

## New Meaning to Important Bible Statements

အထက်ပါမဟာဗိမာန်တော်ကြီးအကြောင်းကို နောက်ခံထားပြီး ဖတ်ရှု လေ့လာသင့်သော အောက်ပါကျမ်းချက်များသည် အဓိပ္ပါယ်တမူထူးခြားမှုများ ရှိနေကြပါသည်။

နှင့်ဆိုင်သော ဗိသုကာဆောက်လုပ်ရေးပညာ၏ရောင်ပြန်ဟပ်မှု အံ့မခန်းချီးကျူးဖွယ်ရာမြင်ကွင်းပုံစံသည် မဟာဗိမာန်တော်ကြီးကို ပေါ်လွင်ထင်ရှားစေကြလိမ့်မည်။

ဤအိမ်ရာကြီးများ၏ အလယ်ဗဟို၌လည်း သေဆုံးပျက်စီးခြင်းက မကျော်ဖြတ်နိုင်သောနေရာ၌ ထာဝရဘုရားအိမ်တော်မဟာကြီး၏ တောင်ဟု ခေါ်ဆိုသည့် မြေပြင်ညီပြီးသားဇိအုန်တောင်ကြီးသည် ယေရှုရှလင်မြို့ထဲ၌ တည်ရှိ လိမ့်မည် (ဆာ ၂၄း၁-၆၊ ဟေရှာ ၂း၂)။ တောင်ကြီး၏ အထွတ်အထိပ်နေရာ၌၊ တကမ္ဘာလုံးမှ ရောက်ရှိလာကြကုန်သောဘုရားဖူးများ၏ လှူဖွယ်ပစ္စည်းများဆပ်ကပ်ရာ၊ ယဇ်ပလ္လင်တော်ကြီးတည်ဆောက်ကြမည် (ယေဇ ၄၃း၁၂-၁၃၊ ဟေရှာ ၅၆း၇၊ ၆၀း၇)။

ဤကြီးမားလုံးဝန်းသောအိမ်ရာကြီးများပတ်လည်၌ လေးထောင့်ပုံစံဒီဇိုင်းဖြင့်တည်ဆောက်ပြီး နှစ်ဆောင်ပြိုင်အလှဖြင့်တည်ဆောက်သော အလွန်ကြီမားကျယ်ပြန့်သည့်အဆောက်အဦးများကိုပါ လုံးဝိုင်းသောအိမ်ယာကြီးများ၏အပြင်ဘက်၌မြင်တွေ့ရလိမ့်မည်။ ထိုနှစ်ဆောင်ပြိုင်အိမ်ရာကြီးများသည် ပေ (၁၂၀) စီမြင့်ပြီး ပေ (၅၀) စီကျယ်ဝန်းပါသည်။ ထိုနှစ်ဆောင်ပြိုင်အိမ်အတွက် နေရာအကျယ်အဝန်းသည် (၁) မိုင်လောက်ရှည်ပြီး အတွင်းဖက်ရှိဗိမာန်တော်ကြီးကို ဖုံးကွယ်ကြလိမ့်မည်။ ထိုလေးထောင့်အိမ်ယာကြီး၏ထောင့်တစ်ခုစီ၌ မျှော်စင်ကြီးတစ်ခုစီရှိပြီး စတုရန်းပေ-(၁၆၀) ကျယ်သောလေးထောင့်အိမ်ရာကြီးဖြစ်ကာ အမြင့် (၄၈၀) ပေရှိပါသည်။ ထိုလေးထောင့်ပုံစံအိမ်ရာကြီးများသည် ကမ္ဘာအရပ်ရပ်မှ ရောက်ရှိလာကြသော ဘုရားဖူးများအတွက် အစားအသောက်ပြင်ဆင်ချက်ပြုတ်ကျွေးမွေးသောနေရာများဖြစ်ကြပါသည်။ ဤကဲ့သို့သော အိမ်ရာကြီးထဲ၌ တစ်ကြိမ်လျှင်ဘုရားဖူးဧည့်သည်ထောင်ပေါင်း လူတစ်သန်းကျော် နားနေနိုင်လိမ့်မည်ဟု ခန့်မှန်းရပါသည်။

ယေရှုခရစ်တော်၏အုပ်ချုပ်ခြင်းခံရသောသူများသည် သူတို့အတွက်သီး



ဆုံးမသြဝါဒပေးတော်မူ၏” (မာ - ၁၁း၁၅ - ၁၇)။ ဤအဖြစ်အပျက်သည် လူသိများသော်လည်း ယေရုရှလင်ဗိမ္မာန်တော်ကြီးကို သူ့ဖခမည်းတော်၏ အိမ်တော်ကြီးနှင့် ထပ်တူထပ်မျှ သဘောထားတော်သည်ကိုသိနိုင်ပါသည်။ ထိုကဲ့သို့ ဖြစ်လာရမည့်အချိန်သည် အလွန်တရာနီးကပ်နေသည်ကို သတိမထား ကြပါ။ အဘယ့်ကြောင့်ဆိုသော် ယနေ့ကြားနေ၊ မြင်နေရသော သတင်းများက အရိပ်ပြနေသောကြောင့်ဖြစ်ပါသည်။ခရစ်တော်ပြန်ကြွလာမည့်အချိန်နီးကြောင်း ပြနေသည်။ ယေရှုခရစ်တော်က သူ့ခေတ်၌ရှိခဲ့သည့် ဗိမ္မာန်တော်ကြီး လုံးဝပျက်စီးသွားအောင် အဖျက်အဆီး ခံရမည့်အကြောင်းနှင့် “တပါးအမျိုးသားတို့သည် မိမိတို့အချိန်ကာလ မပြည့်စုံမည်တိုင်အောင် ယေရုရှင်လင်မြို့ကို ခြေနင်းနိုင်ကြလိမ့်မည်” (လု - ၂၁း၆, ၂၄)။ ကြိုတင်ဟောပြောချက်များ၌ ပါဝင်မည့်အချက်အလက် -

(၁) ထိုခေတ်၌ရှိခဲ့သော ဗိမ္မာန်တော်ကြီးများမကြာခင်ဖျက်ဆီးခြင်းခံရမည်။

(၂) ယေရုရှလင်မြို့ ကျဆုံးသွားမည်။

(၃) ဂျူးလူမျိုးများအားလုံး ကျွန်အဖြစ်ဆွဲခေါ်သွားခြင်းခံကြရမည်။

(၄) ဂျူးနိုင်ငံနောက်ဆုံးပြန်လည်စုစည်းလာမည်။

(၅) အခြားဘာသာများ၏ လက်အောက်မှလွတ်မြောက်လာကြမည်။

(၆) ပြန်လည်တည်ဆောက်သောဗိမာန်တော်ကြီးသည် တကမ္ဘာလုံးအတွက် ဘုရားဝတ်ပြုကိုးကွယ်ရာ အလယ်ဗဟိုဌာနချုပ်ဖြစ်ရမည် - စသည့်အချက်များ ဖြစ်ပါသည်။

အချက် (၁) မှ (၃) သည်၊ ရောမစစ်သည်တို့က အေဒီ (၇၀) ခုနှစ်ခန့်၌ တိုက်ခိုက်စစ်ဆင်ပြီး ယေရုရှလင်မြို့နှင့် ဗိမ္မာန်တော်ကိုမီးရှို့ဖျက်ဆီးခြင်း၌ ပြည့်စုံမှန်ကန်သွားခဲ့ပါပြီ။ အချက် (၄) သည် အေဒီ (၇၀) ရာစု၌ တိုင်းပြည်အရပ်ရပ်သို့ ကျွန်အဖြစ်ရောက်သွားကြသောသူများ ၁၉၄၈ ခုနှစ်တွင် ပြန်ဝင်လာကြသည်။

လက်ရှိအစ္စရေး နိုင်ငံပြန်လည်တည်ထောင်ခြင်းအားဖြင့် တချို့တဝက်ပြည့်စုံလာခဲ့ပါသည်။ အချက် (၅) သည်လည်း ၁၉၆၇ စစ်ပွဲတွင် အစ္စရေး၏တပ်များက ယေရုရှလင်မြို့ကြီးကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ခြင်းကြောင့် တချို့တပိုင်းပြည့်စုံလာပါသည်။ အချက် (၆) မှာခရစ်တော် ဒုတိယအကြိမ်ကြွလာခြင်းမရှိ သေးသောကြောင့်မပြည့်စုံသေးပါ။ စောင့်ကြည့်ရပါမည်။

**ယေရုရှလင်မြို့တော်တွင် အတူနေထိုင်ကြသည့် ဂျူးလူမျိုးတို့နှင့်တပါးအမျိုးသားများ (Both Jews and Gentiles in Jerusalem)**

ခရစ်တော်ခေတ်၌ ယေရုရှလင်ရှိ ဗိမ္မာန်တော်ကြီးသည် ဂျူးလူမျိုးတို့၏ ကိုးကွယ်ရာကျောင်းတော်ကြီးဖြစ်ခဲ့ပါသည်။ ခရစ်တော်ပြန်လည်ကြွလာသောအခါ တကမ္ဘာလုံးအတွက်ကိုးကွယ်ရာကျောင်းကြီးဖြစ်လာလိမ့်မည်။ (ဟေရှ ၅၆း၆-၇)။ ထိုအခါ ဂျူးလူမျိုးတို့သည်လည်း ယေရှုခရစ်တော်အား ၎င်းတို့၏ မေရှိအဖြစ်လက်ခံလာကြမည်။ တပါးအမျိုးသားများကလည်း ယေရှုသည် ဂျူးတို့၏ ဘုရင်ကြီးဖြစ်ကြောင်းအသိအမှတ်ပြုလာမည်ဖြစ်သည်။

တခဏတာ အမှောင်ဖုံးကွယ်မှုသည် ဂျူးလူမျိုးနှင့် တပါးအမျိုးသားများအပေါ်ပပျောက်သွားမည်ဖြစ်ပါသည် (ဟေရှာ - ၂၅း၇၊ ၂ ကော - ၃း၁၅)။ "တပါးအမျိုးသားတို့က၊ အကယ်စင်စစ် အကျွန်ုပ်တို့ဘိုးဘေးတို့သည် မုသာ၊ အနတ္တ၊ အချည်းနှီးသောအရာတို့ကို အမွေခံကြပါပြီဟု မြေကြီးစွန်းမှ ကိုယ်တော်ထံသို့လာ၍ လျှောက်ကြပါလိမ့်မည်" (ယေ ၁၆း၁၉)။ "ကယ်လွှတ်သောသခင်သည် ဇိအုန်တောင်၌ ပေါ်ထွန်း၍၊ မတရားသော အမှုကိုယာကုပ်အမျိုးတို့မှ လွှဲတော်မူလတံ့" (ရောမ ၁၁း၂၆)။ မည်သို့မည်ပုံ ပြည့်စုံလာမည်နည်း။ "တရားတော်သည် ဇိအုန်တောင်မှ၎င်း၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ယေရုရှလင်မြို့မှ၎င်း ပေါ်ထွက်လိမ့်မည်" (မိ - ၄ း ၁-၄)။



ကမ္ဘာလှည့်ခရီးသည်များကျက်စားရာနှင့် စီးပွားရေးအချက်အချာကျရာ မြို့ဖြစ်သည့်ယခုလက်ရှိ ယေရှုရှလင်မြို့တော်ကြီးသည် အဆိုပါမဟာဗိမာန်တော်ကြီးတည်ဆောက်ရေးမြေကွက် နေရာလိုအပ်ချက်ကြောင့် ဖယ်ရှားခြင်းခံရလိမ့်မည်။ ရှေးရာစုနှစ်ပေါင်းများစွာကတည်းက စုပုံစပြုလာခဲ့သော အမှိုက်သရိုက် အညစ်အကြေးများနှင့် မသန့်ရှင်းသောအရာဟူသမျှ မြေငလျှင်ကြောင့် ဖုံးဖိခြင်းရှိသော အပျက်အစီးများအားလုံး တစ်ခုမကျန်ပပျောက်လွင့်စင်ကုန်ကျပြီးနောက် တစ်နိုင်ငံလုံးမြေနေရာ တစ်ပြေးညီညီ ညှိထားပြီးမှ ယေရှုရှလင်မြို့ရှိ ဇိအုန်တောင်ကုန်းကြီးသည်လည်း အဆင်သင့်ဖြစ်သွားမည် (ဇာ-၁၄း၄-၁၀)။ ဤသို့ပေါ်ထွန်းလာသော ဇိအုန်တောင်ကုန်းတစ်လျှောက်လုံးအပေါ် ထာဝရဘုရားကိုယ်တော်မြတ်အတွက် ယေရှုရှလင်မြို့တော်အသစ်ပြန်လည် တည်ဆောက်ခြင်းရှိလာလိမ့်မည် (ယေ-၃၁း၂၇-၂၄ ၊ ဟေရှာ ၆၀း၁၀-၁၁)။ ထိုအခါဇိအုန်တောင်ကုန်းတစ်လျှောက်လုံး၌၊ ပေ (၂၀၀) ကျယ်ပြီး ပေ (၂၀၀၀)မြင့်သောအဆောက်အဦးကြီးအချို့များ၊ နှစ်မိုင်ခွဲပတ်ပတ်လည်ရှိသော အိမ်ကြီးအိမ်ကောင်းများ ပေါ်ထွန်းဝန်းရံလာလိမ့်မည်။ ၂ မိုင်ခွဲပတ်လည်ရှိသောအိမ်တန်းကြီးများလည်း မြင်ရပါလိမ့်မည်။ ဤကဲ့သို့သော ဝိုင်းဝန်းသောအဆောက်အဦးကြီးများသည် မြင့်မားသောတိုင်ကြီးများစွာဖြင့်အလှဆင်ပြီး အာရဗက်ဗိသုကာကြီးများလက်ရာဖြင့် ရှေ့မျက်နှာစာကို အလှပဆုံးဆောက်လုပ်ထားကြလိမ့်မည်။

ထိုလှပသောအဆောက်အဦးများ၏ မျက်နှာစာအပေါ်၌မူ စပျစ်ပင်များ၊ နွယ်ပင်များဖြင့် ထပ်ဆင့်အလှဆင်ကြလိမ့်မည်။ ဤကဲ့သို့သော အလွန်တရာလှပသည့် အိမ်ကြီးအိမ်သန့်များ၏ကျက်သရေရှိသောမြင်ကွင်း၊ ထီးနန်းဆန်သော ဗိသုကာပညာဒီဇိုင်း၊ ဝိညာဉ်ရေးရာရှုထောင့်အားဖြင့်အာရုံခံစားနိုင်မှု ဘုရားရှင်

ပြုလုပ်ထားခဲ့ပါသည်။ သူ၏ပုံစံထဲ၌ အဆိုပါဟင်ရီက၊ ဂျူးလူမျိုးဟေဗြဲတို့
အသုံးပြုသော အတိုင်းအတာစနစ်ကိုအင်္ဂလိပ်အတိုင်းအတာ စနစ်အဖြစ်ပြောင်း
လဲပစ်ကာ ပုံစံထုတ်ခဲ့သော ထိုဗိမာန်တော်ကြီး၏ အဆောက်အဦးသည် တကမ္ဘာ
လုံး၌အံ့ဖွယ် အလှပဆုံးချီးကျူးစရာ ဖြစ်သွားခဲ့ပါသည်။ ထိုပုံစံထဲ၌ လူအများ
ဆုတောင်းခန်းမကြီး၏အကျယ်သည် တစ်မိုင်ဖြစ်နေပါသည်။ ဗိမာန်တော်ကြီး
တည်ဆောက်ရမည့် မြေနေရာကြီးသည် စတုရန်းမိုင်ပေါင်း(၄၀) ကျယ်ဝန်းပြီး
ဂတိတော်ပါတိုင်းပြည်ကြီး၏အလယ်ဗဟိုကို ရာထားခဲ့ပါသည်။ ထိုနေရာကို
ဘုရားသခင်၏မြေကွက်-ဟုသီးခြား သတ်မှတ်ခဲ့ပါသည်။ လူမျိုးတကာ တို့သည်
ဤဗဟိုချက်မဖြစ်သောနေရာရှိ ဗိမာန်တော်ကြီး၌ ပုံမှန်ဘုရားရှိခိုး စည်းဝေးခြင်း
ရှိလာမည်။ "ယေရှုရှလင်မြို့ကို တိုက်လာသော လူမျိုးအပေါင်းတို့တွင်ကျန်ကြွင်း
သမျှသောသူတို့သည် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား တည်းဟူသော
ရှင်ဘုရင်ကို ကိုးကွယ်၍၊ သကေနေပွဲခံအံ့သောငှာ မြို့တော်သို့နှစ်တိုင်းအစဉ်
တက်လာကြလိမ့်မည်" (ဇာ ၁၄း၁၆)။

နောင်လာမည့် ဧရာမဗိမာန်တော်ကြီးအကြောင်းကို ယေဇကျေလ
(၄၀-၄၈) ထဲ၌ဖတ်ရှုပါ။ အကျယ်အဝန်းနှင့် ပုံစံကြီးကိုလည်း ယေရမိ-၃၁း၃၈-
၄၀ ထဲ၌တွေ့မြင်နိုင်သည်။ အရှင်ဘုရားမိန့်တော်မူသည်ကား၊ ကြည့်လော့ ငါကိုယ်
တော်အဖို့အလို့ငှါ၊ မြို့တော်ကြီးကိုတည်ဆောက်ပေးကြလိမ့်မည် (ဗိမာန်
တော်ကြီး) ဟုပါဖတ်ရှုရပါသည်။ ဤကဲ့သို့သောကျယ်ဝန်းသည့် ဗိမာန် တော်ကြီး
သည်ယေရုရှလင်မြို့နှင့်သက်ဆိုင်သော မည်သည့်သမိုင်းထဲမှာမှ မပါစဖူးသော
အတိုင်းအတာကြီးဖြစ်နေပါသည်။ ဤဗိမာန်တော်ကြီးသည် ယေရှုခရစ် တော်ကြွ
လာချိန်၌ တည်ဆောက်ခြင်းရှိမည်ဖြစ်ပြီး တကမ္ဘာလုံးဆိုင်ရာဝတ်ပြု ကျောင်းတော်
ကြီးအဖြစ် ထိမ်းသိမ်းစောင့်ရှောက်ခြင်းရှိလိမ့်မည်။ (ဟေရှာ ၆၀း၁၀-၁၄)



## ယေရှုခရစ်တော်လက်အောက်ရှိပြောင်းလဲသွားသောကမ္ဘာ့စနစ်ကြီး

## A Changed World Under Christ

ယေရှုခရစ်တော်ပြန်ကြွလာသောအခါ လူသားအားလုံး ရှင်ပြန်ထမြောက်
မည်။ မြေမှုန့်၌အိပ်ပျော်သူများတို့သည် နိုးကြလိမ့်မည်။ အချို့တို့ကား။
ရှက်ကြောက်ခြင်း၊ ထာဝရအသရေပျက်ခြင်းနှင့်ငှင်း နိုးကြလိမ့်မည် (ဒံ-၁၂း၂)။

ထာဝရရှင်သန်သူတို့သည် "ဘုရားသခင်၏ ယဇ်ပုရောဟိတ်၊ ခရစ်တော်
၏ ယဇ်ပုရောဟိတ်ဖြစ်၍၊ နှစ်တစ်ထောင်ပတ်လုံးခရစ်တော်နှင့်အတူ စိုးစံရကြ
လိမ့်မည်" (ဗျာ ၂၀း၆)။ အချို့သော သူများသည်ကယ်တင်ခြင်းခံရ၍ ထာဝရ
အသက်ရသူများသည် ယေရှုခရစ်တော်နှင့်အတူ ကောင်းကင်ဘုံ၌ အုပ်ချုပ်မည်ဟု
ယူဆကြသည်။ ကျမ်းစာပါအတိုင်း ဤမြေကြီးမှာပင် ဖြစ်ကြောင်းရှင်းလင်းလှပါ
သည်။ "သူ့အဘဒါဝိဒ်၏ ရာဇပလ္လင်ကို ထာဝရအရှင်ဘုရားသခင်သည် သူ့အား
ပေးတော်မူမည်" (လု - ၁း၃၂)။ ထိုရာဇပလ္လင်တော်သည် ယေရုရှလင်မြို့ထဲ၌
သာရှိပါသည်။ ယေရုရှလင်မြို့၌ ယေရှုခရစ်တော်သည်သူ၏အုပ်ချုပ်မှု ယန္တရားကို
တည်ထောင်ဖွဲ့စည်းပြီး ဇာခရိဟောကိန်းအတိုင်း "ထာဝရဘုရား တစ်ပါးတည်း၊
နာမတော် တစ်ပါးတည်းဖြစ်တော်မူမည်" (ဇာ - ၁၄း၉)။ ကျမ်းစာပါ ဖော်ပြချက်
များကိုမှတ်သားသင့်သည်။

၁။ ယေရှုခရစ်တော်သည် ပကတိထင်ရှားစွာမြင်နိုင်သော ခန္ဓာကိုယ်နှင့်
ကိုယ်တိုင်ကိုယ်ကျကြွလာမည်။ "သင်တို့နှင့်ခွာ၍ ကောင်းကင်သို့ဆောင်
ယူခြင်းကိုခံတော်မူသော ထိုယေရှုသည် သင်တို့မျက်မှောက်၌ ကောင်းကင်
သို့ကြွသွားတော်မူသည်နည်းတူ တစ်ဖန်ကြွလာတော် မူလတံ့ဟုပြောဆို
၏" (တ - ၁း၁၁)။ "ကိုယ်တော်ကို ထိုးဖောက်သောသူတို့နှင့် ရှိသမျှသော

သူတို့သည် ကိုယ်တော်ကိုရှုမြင်ရကြလိမ့်မည်" (ဗျာ - ၁ း ၇)။

၂။ သူ၏သွန်သင်ဆုံးမတော်မူခဲ့ခြင်းကို လိုက်နာကျင့်သုံးသူများအား သေခြင်းမှ ရှင်ပြန်ထမြောက်စေပြီး မသေနိုင်သော ကိုယ်ခန္ဓာအဖြစ်သို့ ချီးမြှင့်ပေးအပ်မည်။ "သို့ဖြစ်၍ လူအားဖြင့်သေခြင်းတရားသည်တည်သကဲ့သို့၊ သေသောသူတို့၏ ပြန်ရှင်ခြင်းတရားသည် လူအားဖြင့်တည်လျက်ရှိ၏။ သို့ရာတွင် လူအသီးသီးတို့သည် မိမိတို့အလှည့်အတိုင်း လိုက်ရကြလိမ့်မည်။ ခရစ်တော်သည် အဦးသီးသောအသီး ဖြစ်တော်မူ၏ ထို့နောက် ခရစ်တော်ကြွလာတော်မူသောအခါ၊ တပည့်တော် ဖြစ်သောသူတို့သည် ပြန်ရှင်ခြင်းသို့ရောက်ကြလိမ့်မည်။ ယခု မျက်မှောက်ပုပ်တတ်သောအရာသည် မပုပ်နိုင်သောအဖြစ်သို့ ဝင်စားရမည်။ ယခုမျက်မှောက် သေတတ်သောအရာသည် မသေနိုင်သောအဖြစ်သို့ ဝင်စားရမည် (၁ ကော - ၁၅း၂၁, ၂၃, ၅၃)။

၃။ နိုင်ငံတကာစစ်အတတ်ပညာများကို ဖျက်ဆီးပစ်မည်။ "ထာဝရဘုရားသည် များပြားသော လူတို့တွင် တရားစီရင်၍၊ ဝေးစွာနေလျက် အားကြီးသောလူမျိုးတို့ကို ဆုံးမတော်မူသဖြင့် သူတို့ဓားလက်နက်များကို ထွန်သွားဖြစ်စေ ခြင်းငှာရင်း၊ လှံများကို တံစဉ်ဖြစ်စေခြင်းငှာရင်း ထုလုပ်ကြလိမ့်မည်။ တစ်ပြည်ကို တစ်ပြည်စစ်မတိုက်၊ စစ်အတတ်ကိုလည်း နောင်တစ်ဖန် မသင်ရကြ" (မိ - ၄း၃)။ "အကြင်ပြည်နှင့် အကြင်နိုင်ငံသည် သင်၏အမှုကိုမဆောင်၊ ထိုပြည်နှင့်ထိုနိုင်ငံသည် ပျက်စီးရလိမ့်မည်။ ထိုသို့သော တိုင်းနိုင်ငံတို့သည် သုတ်သင်ပယ်ရှင်းခြင်းကို အမှန်ခံရကြလိမ့်မည်" (ဟေရှာ-၆၀း၁၂)။

၄။ အစ္စရေးလ်နိုင်ငံကို အကြမ်းဖက်တိုက်ခိုက်ခြင်းမှ ကယ်တင်နိုင်မည်။



နောက်လိုက်တပည့်တော်များသည် ဘုရင်မင်းမြတ်၏ ယဇ်ပုရောဟိတ်များဖြစ်သွားကြပါလိမ့်မည်။ ကမ္ဘာမြေကြီးပေါ် မကြာခင်တည်ထောင်တော့မည့် ငြိမ်းချမ်းသာယာဝပြောသော နှစ်တထောင်ကာလအုပ်ချုပ်ခြင်း၌ လူမျိုးတကာတို့ ပါဝင်လာစေရန်အတွက် ထိုကဲ့သို့ယဇ်ပုရောဟိတ်များ ပါဝင်ခြင်းဖြစ်ပါသည်။ ဘုရင်မင်းမြတ်၏ယဇ်ပုရောဟိတ်အဖွဲ့ကြီးအတွက် ဘုရင်မင်းမြတ်နှင့်ဆိုင်သောဗိမာန်တော်ကြီးလည်း တည်ဆောက်လာမည်ဖြစ်ပါသည်။

## **ယေရုရှလင်မြို့တော်ရှိ ခရစ်တော်စံမြန်းရာနန်းတော်ကြီး**

## **Christ's Throne In Jerusalem**

ယေရှုခရစ်တော်၏ အုပ်ချုပ်ရေးဆိုင်ရာ ရုံးစိုက်ရာဌာနချုပ်ကြီးသည် ယေရုရှလင်မြို့တော်ဖြစ်လာမည်။ ယခုလက်ရှိအခြေအနေများအားလုံး အပြောင်းအလဲရှိကုန်မည်။ တကမ္ဘာလုံးဆိုင်ရာ မဟာဗိမာန်တော်ကြီးကြောင့် ကမ္ဘာ့ဝတ်ပြုကိုးကွယ်ရာဗဟိုချက်ချာဖြစ်သွားလိမ့်မည်။ လူမျိုးပေါင်းစုံလာရောက် ဖူးမျှော်ရာ ဗိမာန်တော်ဖြစ်လာပြီး တကမ္ဘာလုံးအတွက် သတ်မှတ်ထားသောတရား ဥပဒေဘောင်တစ်မျိုးနှင့်တရားမျှတမှုရှိသော လူ့အဖွဲ့အစည်းဖြင့် ဘာသာတရား တစ်ပါးတည်းယုံကြည်သက်ဝင်မှု စည်းလုံးညီညွတ်မှုကို ကမ္ဘာသူကမ္ဘာသားများ ရရှိခံစားလာကြလိမ့်မည်။ ဆန့်ကျင်ဖက်စိတ်ထားဖြစ်သော အကြမ်းဖက်စနစ်လုံးဝပပျောက်သွားပြီး ဘာသာတရားဝါဒကွဲပြားခြားနားမှုများလည်း အဆုံးသတ်သွားလိမ့်မည်။ ကမ္ဘာသူကမ္ဘာသားအားလုံးသည် လူမျိုးနွယ်စုပေါင်းစုံဖြစ်ကြရင်း ထာဝရဘုရားတဆူတည်းအား ကြည်ညိုလေးစားအပြည့်အဝဖြင့် အတူတကွကိုးကွယ်လာကြလိမ့်မည်။ ဤဗိမာန်တော်ကြီးအကြောင်းကို ယေဇကျေလကျမ်း (၄၀-၄၈)ထဲ၌ အသေးစိတ်ဖော်ပြခြင်းရှိသောကြောင့် ထိုပုံစံအတိုင်း အင်္ဂလန်ပြည်သား၊ ဗိသုကာပညာရှင်ကြီးဟင်ရီဆာလေ (Henny Sulley) ဆိုသူကပင်ပုံစံဖော်ရေးဆွဲမှု

## အုပ်ချုပ်သူဘုရင်မင်းမြတ်နှင့်အဖွဲ့ဝင်များ

## The King and his Associates

"ထိုအုပ်ချုပ်ခြင်းကာလ၌ ယေရှုခရစ်တော်မည်သည့်နေရာ၌ တည်ရှိပါမည်နည်း" ဟု ဆွေးနွေးခဲ့ပြီးသည့်အတိုင်း ယေရုရှလင်မြို့ရှိ ဒါဝိဒ်မင်းကြီး၏ ရာဇပလ္လင် တည်ရှိခဲ့သည့်နေရာ၌ပင် ယေရှုခရစ်တော်၏ ဘုန်းတော်ထင်ရှား၍ တန်ခိုးတော်အပေါင်းနှင့်စိုးစံနေလိမ့်မည်။ ထို့ကြောင့် ယေရုရှလင်မြို့တော်ကြီးသည် ဘုရင်ကြီး၏ နန်းစံရာမြို့တော်ဖြစ်လာလိမ့်မည်။ (မ ၅း၃၅)။ ဤသို့ဖြင့် ယေရှုခရစ်တော်ကယေရုရှလင်မြို့ကို ထာဝရဘုရား၏ပလ္လင်ဟူ၍ ခေါ်ကြလိမ့်မည်။ ထာဝရဘုရားသည် တပြည်လုံးတွင် ရှင်ဘုရင်ဖြစ်တော်မူမည် (ယေ ၃း၁၇၊ ဇာ ၁၄း၉)။

သို့သော် ယေရှုခရစ်တော်တပါးတည်းကသာ အထီးကျန်အုပ်ချုပ်လိမ့် မည်မဟုတ်ပါ။ သူနှင့်အတူ အသေခံပြီးရှင်ပြန်ထမြောက်ခဲ့ကြသော သစ္စာရှိဘက်တော်သားတပည့်ရင်းများဖြင့်ပူးပေါင်းကာ အတူတကွအုပ်ချုပ်သွားပါမည်။ ဗျာဒိတ်တော်ကျမ်း(၅း၉-၁၀)အရ ရွေးကောက်ခြင်းခံရသောသူများသည် ခရစ်တော်ရှေ့၌ ပေါ်ထွန်းလာကြပြီး ချီးမွမ်းသံပြိုင်သီချင်းရင့်ကျူးခြင်းနှင့်အတူ "ကိုယ်တော်သည် အသေသတ်ခြင်းကို ခံတော်မူသောအားဖြင့်၊ အသီးသီးဘာသာစကားကိုပြောသောလူမျိုးနွယ်ခပ်သိမ်းတို့အထဲမှ အကျွန်ုပ်တို့ကိုယူ၍ အသွေးတော်နှင့်ဘုရားသခင်အဖို့ရွေးနုတ်တော်မူ၏။ အကျွန်ုပ်တို့၏ ဘုရားသခင်ရှေ့မှာ ရှင်ဘုရင်အရာ၌၎င်း၊ ယဇ်ပုရောဟိတ်အရာ၌၎င်း၊ ခန့်ထား၍ မြေကြီးပေါ်မှာ စိုးစံရသောအခွင့်ကို ပေးတော်မူ၏။ ထို့ကြောင့် ကိုယ်တော်သည်စာစောင့်ကိုခံယူ၍ တံဆိပ်တို့ကို ဖွင့်ထိုက်တော်မူ၏ဟု အသစ်သောသီချင်းကိုသီ၍ လျှောက်ဆိုကြ၏။

နောင်ကာလအုပ်ချုပ်သောခေတ်၌ ယေရှုခရစ်တော်၏ သစ္စာရှိသော



"သင်၏ အရာရှိတို့ကို ငြိမ်သက်သောသဘော၊ အခွန်ခံတို့ကို ဖြောင့်မတ်သော သဘောနှင့် ပြည့်စုံစေမည်။ သင်၏ပြည်၌ အနိုင်အထက်ပြုခြင်း အသံကို နောက်တစ်ဖန်မကြားရ။ သင်၏နယ်အတွင်းတွင် လုယူဖျက်ဆီးခြင်းမရှိရ" (ဟေရှာ ၆၀း၁၈)။ "နောက်တစ်ဖန်ယေရုရှလင်မြို့သည် ကျိန်ခြင်းဘေးကိုမခံ၊ မြို့သားတို့သည် နေရာကျ၍ စိုးရိမ်စရာမရှိဘဲ နေကြလိမ့်မည်" (ဇာ ၁၄း၁၁)

၅။ ယေရုရှလင်မြို့တော်သည် သူ၏ (ခရစ်တော်) အာဏာစက်တည်ရှိရာ မြို့တော်ဖြစ်လိမ့်မည်။ "ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည်၊ ဇိအုန်တောင်ပေါ်မှာ ယေရုရှလင်မြို့၌မင်းပြု၍၊ အသက်ကြီးသူတို့ ရှေ့တွင် ဘုန်းကြီးတော်မူလတံ့" (ဟေရှာ ၂၄း၂၃)။

၆။ နိုင်ငံတကာအတွက် တရားဥပဒေကိုယေရုရှလင်မြို့တော်မှ ထုတ်ပြန်ကြေညာမည် "တရားတော်သည် ဇိအုန်တောင်မှ၎င်း၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ယေရုရှလင်မြို့မှ၎င်း ပေါ်ထွက်လိမ့်မည်။ ငါ့ထံမှ တရားထွက်၍ ငါ့စီရင်ချက်သည် လူများလင်းစေရာဖို့ တည်ရလိမ့်မည်" (ဟေရှာ ၂း၃ နှင့် ၅၁း၄)။ "မြေကြီးပေါ်မှာ တရားတော်ကို မတည်စေမှီတွင် အားမလျော့၊ စိတ်လည်းမပျက်ရ။ သူ၏တရားကိုလည်း၊ တကျွန်းတနိုင်ငံသားတို့သည် မျှော်လင့်ကြလိမ့်မည်" (ဟေရှာ ၄၂း၄)။

၇။ ပြန့်ကြဲကုန်သော အစ္စရေးလူမျိုးတို့ကိုပြန်လည်စုစည်းမည်။ အစ္စရေးနိုင်ငံကို သူ့အုပ်ချုပ်ရာနိုင်ငံအဖြစ်အသုံးပြုမည်။ "ငါ၏လူတို့ကို အရှေ့ပြည်မှ၎င်း၊ အနောက်ပြည်မှ၎င်း ငါကယ်တင်၍ ဆောင်ခဲ့သဖြင့်၊ သူတို့သည် ယေရုရှလင်မြို့ထဲမှာ နေရကြလိမ့်မည်။ သစ္စာတရားနှင့် ဖြောင့်မတ်ခြင်းတရားအားဖြင့်၊ သူတို့သည် ငါ၏လူဖြစ်၍ ငါသည်လည်း သူတို့၏

ဘုရားသခင် ဖြစ်လိမ့်မည်” (ဇာ - ၈း၇)။

၈။ တကမ္ဘာလုံးဝတ်ပြုကိုးကွယ်ရာဖြစ်လာသော ယေရုရှလင်မြို့ရှိ ဗိမ္မာန် တော်ကြီးကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်လိမ့်မည်။ “ထာဝရဘုရား ၏ အမိန့်တော်ကို ထိုသူအားဆင့်ဆိုရမည်မှာ၊ အညွန့်အမည်ရှိသော သူကိုကြည့်ရှုလော့။ မိမိဒေသအရပ်၌ပေါက်၍၊ ထာဝရဘုရား၏ ဗိမာန် တော်ကို တည်ဆောက်လိမ့်မည်။ ထာဝရဘုရား၏ဗိမာန်တော်ကို တည်ဆောက်ပြီးလျှင်၊ ဘုန်းကြီး၍ မိမိရာဇပလ္လင်ပေါ်မှာထိုင်လျက် စိုးစံလိမ့်မည်။ ရာဇပလ္လင်ပေါ်မှာယဇ်ပုရောဟိတ်လည်းဖြစ်၍၊ ထိုနှစ်ပါးတို့ သည် မိတ်သဟာယ ပဋိညာဉ်ဖွဲ့ကြလိမ့်မည်။ ငါ့အိမ်ကို လူအမျိုးမျိုး ဆုတောင်းရာအိမ်ဟူ၍ ခေါ်ဝေါ်လတံ့’ (ဇာ ၆း၁၂-၁၃၊ ဟေရှာ ၅၆း၇)။

၉။ နိုင်ငံတကာမှ ကိုယ်စားလှယ်တော်များသည် ဘုရားဖူးအဖြစ်ယေရုရှလင်မြို့သို့ မကြာခဏရောက်လာကြမည်။ “များစွာသော မြို့သူရွာသား၊ လူအမျိုးမျိုးတို့သည် လာကြလိမ့်မည်။ မြို့တစ်မြို့၌နေသောသူသည် အခြားမြို့တစ်မြို့၌နေသော သူတို့ဆီသို့သွား၍၊ ထာဝရဘုရားရှေ့တော်၌၊ ဆုတောင်းခြင်းငှါဂရင်း၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားကို ရှာခြင်းငှါဂရင်း ဧကန်အမှန်သွားကြကုန်အံ့။ ငါလည်းသွားမည်ဟု ခေါ်ကြလိမ့်မည်။ ကြီးသောတိုင်းနိုင်ငံသား၊ လူအမျိုးမျိုးတို့သည် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားကို ယေရုရှလင်မြို့၌ရှာ၍ ထာဝရဘုရား ရှေ့တော်၌ ဆုတောင်းခြင်းငှါ လာကြလိမ့်မည်” (ဇာ ၈း၂၀-၂၂)။ “ယေရုရှလင်မြို့ကို တိုက်လာသော၊ လူမျိုးအပေါင်းတို့တွင် ကျန်ကြွင်းသမျှသောသူတို့သည်၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားတည်းဟူသော ရှင်ဘုရင်ကို ကိုးကွယ်၍ သကေနေပွဲခံအံ့သောငှါ မြို့တော်သို့



ပြန်လည်ဖေါ်ထုတ်ရေးဆွဲခြင်းရှိလိမ့်မည်။ (အာ ၉း၁၁)။ ခရစ်တော်အုပ်ချုပ် ချိန်တွင်လည်းထိုလူမျိုးစု (၁၂)မျိုးတို့ ပါဝင်နေကြလိမ့်မည်။ (၁၂) မျိုးကို ခွဲခြားသတ်မှတ်ပြီး ယေဇကျေလပရောဖက်ဟောကိန်းပါအတိုင်း အစ္စရေးလ်တိုင်းပြည်အနှံ့အပြား ဒေသတခုစီတွင်နေထိုင်ကြလိမ့်မည်။ ယခုထိထိုကဲ့သို့သော အခြေအနေမရှိသေးပါ။ စောင့်ကြည့်ရပါဦးမည်။ “အလုံးစုံသောအရာတို့ကို အသစ်ပြုပြင်သောကာလ၌ လူသားသည်ဘုန်းရှိသောပလ္လင်ပေါ်မှာ ထိုင်တော်မူသောအခါ၊ ငါ့နောက်သို့လိုက်ကြသောသင်တို့သည် တစ်ဆယ့်နှစ်ခုသော ပလ္လင်ပေါ်မှာ ထိုင်လျက်၊ ဣသရေလလူ တစ်ဆယ့်နှစ်မျိုးကို စစ်ကြောစီရင်ရကြလတံ့” (မ ၁၉း၂၈)။

## <u>ဂတိတော်ပါတိုင်းပြည်ကြီး</u> (The Promised Land)

ယေ-၄၈ အရ အစ္စရေးလ်နိုင်ငံ နယ်နိမိတ်တလျှောက်လုံးသည် လူမျိုး (၁၂) မျိုးတို့အသီးသီး ဝင်ရောက်နေထိုင်ရန်အတွက် အကွက်များချမှတ်ထားခြင်း ရှိပါသည်။ က ၁၅း၁၈ ကြည့်လျှင် အာဗြဟံထံ ဂတိတော်ပြုခဲ့သော နယ်နိမိတ် အကျယ်အဝန်းသည် မြောက်ပိုင်းနှင့်တောင်ပိုင်းများ ပါဝင်သောကြောင့် ယူဖရိတ်တိစ်နှင့် နိုင်းလ်မြစ်ကြီးအထိ ကျယ်ဝန်းသည်။ တမန်တော်တစ်ပါးစီသည် လူမျိုးတစ်မျိုးစီတို့ နေထိုင်သော နေရာတစ်ခုစီကို အုပ်ချုပ်ရမည်ဟူသော ဂတိတော် ရှိခဲ့ပါသည်။ (မ ၁၉း၂၈) ထိုကဲ့သို့သော ပရောဖက်ဟောကိန်းများနှင့် ဂတိတော်များ အားကြည့်ခြင်းအားဖြင့်ကမ္ဘာကြီးသည် ယေရှုခရစ်တော်၏ အကောင်အထည် ဖေါ်လာတော့မည့်အုပ်ချုပ်ရေးစနစ်နှင့် ဆက်နွယ်မှုရှိနေကြောင်း ကောင်းစွာ သဘောပေါက်နိုင်ပါသည်။

ကိုင်လှုပ်မည့်သူများဖြစ်ကြ၍ မြေကြီးပေါ်ရှိလူသားဟူသမျှ၏ ဘဝအသက်တာကိုထူးခြားစွာပြောင်းလဲသွားစေမည့် လူမျိုးများဖြစ်နေကြပါသည်။ ထိုအချက်ကိုလူများစွာသည် မသိကြသေးပါ။ အခက်အခဲအတားအဆီးများကြားက အစ္စရေးလ်တို့၏ပြန်လည်နိုးထမှုသည် မှတ်သားလောက်ပေသည်။ ခါးသီးသောမုန်းတီးမှုနှင့်အတူအဖိနှိပ်အဆန့်အကျင်ခံရပုံ အတွေ့အကြုံသည်လည်း ထိုနည်း၄င်းပင်ဖြစ်သည်။ ထိုကဲ့သို့ ကမ္ဘာ့အလယ်၌ ရပ်တည်နေထိုင် နိုင်ရခြင်းသည် ထာဝရဘုရားရှင်၏ယနေ့ကာလလူသားများအပေါ် အကြီးမားဆုံးသော သက်သေခံချက်ဖြစ်ပါသည်။

မည်သို့ဆိုစေ ယနေ့အနေအထားအရ အစ္စရေးလ်တို့သည် မြေထဲပင်လယ်ဝန်းကျင်၏ဒေသအနည်းအကျဉ်း၌ နေထိုင်ကြသည်။ တနိုင်ငံလုံးတွက်ကြည့်မည်ဆိုလျှင် လူ(၆) သန်း လောက်ရှိကြပါသည်။ ယခင်က သဲသောင်ပြင်ဖြစ်ခဲ့သော နေရာဒေသများကို အခက်အခဲပေါင်းစုံကြားမှ စိမ်းလန်းစိုပြေအောင်စိုက်ပျိုးမှုလုပ်နိုင်လာခဲ့ကြသည်။ ဤအချက်ကြီးသည်လည်း သမ္မာကျမ်းစာဟောကိန်းအတိုင်း ပြည့်စုံမှန်ကန်လာခြင်းဖြစ်ပြီး ခရစ်တော်ကြွလာမည့်အချိန်သို့ပြင်ဆင်ဦးတည်လျက်သာရှိနေပါသည်။ ခရစ်တော်ပြန်ကြွလာသောအခါ အစ္စရေးလ်နိုင်ငံတော်ကို ပြန်လည်ထူထောင်ကာ သူကိုယ်တိုင်ကပင် အုပ်ချုပ်သွားတော့မည်ဖြစ်သည်။ ရှင်ပေါလုက “ထိုသို့ကျမ်းစာနှင့်အညီဣသရေလ လူအပေါင်းတို့သည်ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်။ ကျမ်းစာချက်ဟူမူကား ကယ်လွှတ်သောသခင်သည်ဇိကုန်တောင်၌ ပေါ်ထွန်း၍၊ မတရားသောအမှုကို ယာကုတ်အမျိုးတို့မှ လွှဲတော်မူလတံ့” (ရော ၁၁း၂၆)။ ထိုအခါအစ္စရေးလ်တို့ဆိုသည်မှာလူမျိုးစု(၁၂)မျိုးကို ဆိုလိုခြင်းဖြစ်ပါသည်။ ထိုသို့နိုင်ငံတော်ကို ပြန်လည်တည်ထောင်ချိန်၌ခေတ်ဟောင်း (ဓမ္မဟောင်းကျမ်း) ကနိုင်ငံရေးဖွဲ့စည်းပုံ အခြေခံဥပဒေကို



နှစ်တိုင်း အစဉ်တက်လာကြလိမ့်မည်” (ဇာ ၁၄း၁၆)။ “လူသတ္တဝါအပေါင်းတို့သည် ငါ့ရှေ့မှာ ကိုးကွယ်ခြင်းငှါ လဆန်းနေ့နှင့် ဥပုသ်နေ့အစဉ်အတိုင်း လာကြလိမ့်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏” (ဟေရှာ - ၆၆း၂၃)။

၁၀။ ဤကဲ့သို့သောအနေအထားသည် လောကနိုင်ငံရေးပြဿနာပေါင်းစုံဖြေရှင်းပြီးမှ ဤကမ္ဘာမြေကြီးအားအေးချမ်းစွာ အုပ်ချုပ်ရသောအနှစ်တစ်ထောင်ကာလထဲ၌ဖြစ်လာလိမ့်မည်။ “ထိုသို့သောသူသည် ဒုတိယသေခြင်း၏လက်နှင့် ကင်းလွတ်လျက်၊ ဘုရားသခင်၏ ယဇ်ပုရောဟိတ်၊ ခရစ်တော်၏ ယဇ်ပုရောဟိတ်ဖြစ်၍၊ နှစ်တစ်ထောင်ပတ်လုံး ခရစ်တော်နှင့် အတူစိုးစံရကြလိမ့်မည်” (ဗျာ ၂၀း၆)။ “ကောင်းကင်ဘဝဂ်ဝယ်ဘုရားသခင်သည် ဘုန်းကြီးတော်မူစေသတည်း။ မြေကြီးပေါ်၌လည်းငြိမ်သက်ခြင်းရှိစေသတည်း။ လူတို့ အားမေတ္တာ ကရုဏာရှိစေသတည်းဟု ဘုရားသခင်ကိုချီးမွမ်း၍ မြွက်ဆိုကြ၏” (လု ၂း၁၄)။ “နိုင်ငံတော်တည်ထောင်ပါစေသော။ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော” (မ ၆း၁၀)။ “လက်ထက်တော်၌လသည်ပပျောက်ခြင်းသို့ မရောက်မှီတိုင်အောင်၊ တရားသောသူသည်ပွင့်လန်း၍ ချမ်းသာများပြားလိမ့်မည်။ ပင်လယ်တစ်ပါးမှတစ်ပါးတိုင်အောင်၄င်း၊ မြစ်မှသည် မြေကြီးစွန်းတိုင်အောင်၄င်း အစိုးရတော်မူလိမ့်မည်။ . . . ချို့တဲ့လိုအပ်သောသူအော်ဟစ်သောအခါ၊ ထိုသူကို၄င်း၊ ကိုးကွယ်ရာမရှိ၍ ဆင်းရဲသောသူကို၄င်း ချမ်းသာပေးတော်မူလိမ့်မည်။ . . . သူတို့အသက်ကို လှည့်စားခြင်းနှင့် ညှဉ်းဆဲခြင်း၏ လက်မှ ရွေးနုတ်၍၊ သူတို့သွေးကို နှမြောတော်မူလိမ့်မည်” (ဆာ ၇၂း၇-၁၄)။

အထက်ပါစုစည်းတင်ပြခဲ့သော ကျမ်းချက်များအရ ဤကမ္ဘာမြေကြီး သည်

ထာဝရဘုရား၏ လူသားကောင်းစားရေးစီမံကိန်းဆိုင်ရာ အနာဂတ် ရည်ရွယ်ချက်ကြီးဖြစ်ကြောင်းထင်ရှားစွာ နားလည်နိုင်ပါသည်။ အကြံအစည်တော်ထဲ၌ အချိန်ကာလချမှတ်ပြီးဖြစ်၍ ထိုကာလ၌ ယခုလက်ရှိ ကမ္ဘာမြေကြီး ရင်ဆိုင်နေရသော နိုင်ငံရေး၊ လူမှုရေးအစရှိသည့် ဤလောက၏အရေးဟူသမျှ ထာဝရဘုရားရှင်၏ စည်းကမ်းနည်းလမ်းအားဖြင့် အစားထိုးဖြေရှင်းကာ ဘုရားရှင်၏နိုင်ငံတော်သည်လည်း ဤမြေကြီးပေါ်၌ပင် အာဏာတည်ရှိ အကောင်အထည်ဖော်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် သခင်ယေရှုခရစ်တော်သည် ယေရုရှလင်မြို့တော်မှနေ၍တကမ္ဘာလုံးကို အုပ်ချုပ်ရန်အတွက် ဤမြေကြီးပေါ်ပြန်လည်ကြွလာတော့မည်မှာသံသယပွားဖွယ် လုံးဝမရှိတော့ပါ။

## ခရစ်တော်ကြွလာသောအခါ ဖြောင့်မတ်သူတို့၏ရန်သူကို ချေမှုန်းပစ်လိမ့်မည်။ (Enemies of Righteousness Overthrown At Christ's Return)

ခရစ်တော်ပြန်လည်ရောက်ရှိချိန်သည် ဤကမ္ဘာမြေကြီး (နိုင်ငံအားလုံး) ဘေးဒုက္ခကြီး၊ ကပ်ဒုက္ခကြီးဆိုက်ရောက်နေသောအချိန်ကာလအတွင်း၌ ဖြစ်လိမ့်မည်။ "မဖြစ်စဖူးသောဆင်းရဲဒုက္ခကပ်ကာလရောက်လိမ့်မည်" ဟူ၍ ဒံယေလကဟောဟိန်း ထုတ်ခဲ့ပါသည်။ (ဒံ - ၁၂း၁)။ ယခုလက်ရှိလူသားများသည်လည်း ထိုရောက်ရှိလာမည့်ဘေးဒဏ်ဆိုးကြီး၏ အစဦးအပိုင်း၌ အလူးအလဲခံနေကြရပါသည်။ ခရစ်တော်ကြွလာသောအခါသစ္စာရှိသော ယုံကြည်သူတို့ကိုဦးစွာထမြောက်စေတော်မူပြီး တရားစီရင်လိမ့်မည် (ယော ၅း၂၈-၂၉၊ ၂ ကော ၅း၁၀အရ)။ ထိုအချိန်၌သူ့တရားတော်လိုက်နာကျင့်သုံးသောသူများ၊ စစ်မှန်သော ယုံကြည်သူများအတွက်ဆုပေးပွဲရှိပါမည် (ရော - ၂း ၆ - ၇ - အရ)။ ထိုနောက် တကမ္ဘာလုံးရှိ လူမျိုးအသီးသီး (နိုင်ငံကြီးငယ်ဟူသမျှ) ကိုသူ၏တုနှိုင်း၍မရသော အနန္တတန်ခိုး



များကိုလည်း ပြုပြင်ပြီးလျှင်၊ ထိုတဲကို ပြန်မတ်စေမည်" (တ ၁၅း၁၆-၁၇)။

ဤသို့ဖြင့် ယေရှုခရစ်တော်သည် ယေရုရှလင်မြို့တော်တွင် အခြေစိုက်ပြီး တကမ္ဘာလုံးကိုအုပ်ချုပ်သွားမည်။ ယနေ့အစ္စရေးလ်လူမျိုးတို့သည် နှိမ့်ချနူးညံ့သော စိတ်ဓါတ်ရှိလာကြမည်။ စည်းကမ်းတကျနေထိုင်ပြုမူလာကြမည်။ ထို့နောက် ၄င်းတို့၏ မေရှိ ခေါ်ယေရှုခရစ်တော်အား မဖြစ်ဖြစ်အောင်ကြိုဆိုလက်ခံလာကြမည်။ "တစ်ယောက်တည်းသောသားအတွက် အဘငိုကြွေးမြည်တမ်းသကဲ့သို့ ထိုသူအတွက် ငိုကြွေးမြည်တမ်းရကြလိမ့်မည်" (ဇာ-၁၂း၁၀)။ သူတို့ မျက်မမြင်ဖြစ်ခဲ့ကြပုံအပေါ် ရင်ထုမနာညည်းတွားကြပြီး လွန်ခဲ့သောနှစ်ပေါင်း (၂၀၀၀) တုန်း၌ သူတို့ပြစ်မှားခဲ့ခြင်းအပေါ် နောင်တကြီးစွာရကြလိမ့်မည်။ ထိုအခါ တမျိုးသားလုံး၏အပြစ်သည်လည်း၊ နောင်တရခြင်းနှင့်အတူ ဖြေလွှတ်ခြင်းခံကြရပြီး၊ ခရစ်တော်၌တည်ရှိသော ပဋိညာဉ်အသစ်ကို ရရှိခံစားကြလိမ့်မည် (ယေ-၃၁း၃၁-၃၆)။

## အစ္စရေးလ်နိုင်ငံအပြီးသတ်တည်ထောင်မှုဖြစ်လာဦးမည်။

## Israel's Full Restoration Yet to Come

ယနေ့ကမ္ဘာကိုကြည့်လျှင် အစ္စရေးလ်တို့သည် အချက်အချာကျသော (အစ္စရေးလ်နိုင်ငံ၏) ဒေသများ၌ တိုး၍တိုး၍နေထိုင်ပြီး ကမ္ဘာ့အစိုးရပုံစံဖြင့် အုပ်ချုပ်လာနေကြပါသည်။ အစ္စရေးလ်တို့သည် သူတို့၏တိုင်းပြည်အတွင်း နေထိုင်လာခဲ့ကြသည်မှာ အထင်အရှားဖြစ်သော်လည်း မည်သည့်အချက်အလက်များဖြစ်ပေါ်ပြောင်းလဲမှုရှိလာသည်ကို သိရှိသူရှားပါးကြသည်။ အမှန်မှာ အရှေ့အလယ်ပိုင်းဒေသ၌ ဂျူးလူမျိုးတို့ပြန်လည်ဝင်ရောက်အခြေချ နေထိုင်ခြင်းကြောင့် အစ္စရေးလ်နိုင်ငံသည်ပိုမိုထူးခြားသော အဖြစ်အပျက်ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ကမ္ဘာကြီးကို

(၃) ဘုရင်စနစ်အုပ်ချုပ်မှု ပြန်လည်တည်ထောင်ခြင်းဟူ၍ဖြစ်ရာ ပထမနှင့် ဒုတိယအဆင့်သည် စုံလင်ခဲ့ပါသည်။ တတိယအဆင့်လည်း ပြည့်စုံလာမည်ဖြစ်သည်။ ဂတိတော်ပါရှင်ဘုရင်ကား အဘယ်သူနည်း။ မယ်တော်မာရိထံ ထာဝရဘုရား၏ အမိန့်တော်ကိုကြည့်ပါ။ "သင်သည် ပဋိသန္ဓေစွဲယူ၍ သားယောကျ်ားကိုဖွားမြင်လိမ့်မည်။ ထိုသားကို ယေရှုအမည်ဖြင့် မှည့်ရမည်။ ထိုသားသည်ကား၊ ကြီးမြတ်သောသူဖြစ်လိမ့်မည်။ အမြင့်ဆုံးသော ဘုရား၏သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံရလိမ့်မည်။ သူ့အဘဒါဝိဒ်၏ ရာဇပလ္လင်ကို ထာဝရအရှင်ဘုရားသခင်သည် သူ့အားပေးတော်မူမည်။ ထိုသူသည်လည်း ယာကုပ်မျိုးနွယ်ကို အစဉ်မပြတ်အုပ်စိုးလိမ့်မည်" (လု-၁း၃၂-၃၃)။ ရှင်းလင်းပြီး နားလည်ရလွယ်ကူသော စကားလုံးများသာ ဖြစ်နေပါသည်။ ဂျူးလူမျိုးများမပျက်မစီးအောင် ထိန်းသိမ်းကာကွယ်အုပ်ချုပ်မည်။ ဝိညာဉ် ရေးရာနိုးထမှုရှိလာမည်။ "ထာဝရဘုရားသည် ဇိအုန်မြို့ကိုတည်ထောင်၍၊ ဘုန်းတော်နှင့်တကွထင်ရှား တော်မူလိမ့်မည်" (ဆာ-၁၀၂း၁၆)။ "ဖမ်းသွားခြင်းကို ခံရသောယုဒအမျိုးနှင့် ဣသရေလ အမျိုးတို့ကို တစ်ဖန်ငါဆောင်ခဲ့၍ အရင်ကဲ့သို့ တည်ဆောက်မည်" (ယေ ၃၃း၇)။ အစ္စရေးလ်တို့ ပြန်လည်နိုးထလာခြင်းသည် ငြင်းဆို၍မရကောင်းသော ဟောကိန်းစုံလင်လာမှုဖြစ်ပါသည်။ ပထမအကြိမ် ပြောသောစကားသည် ဒါဝိဒ်မင်းကြီး အုပ်ချုပ်ခဲ့သော အချိန်အတိုင်းအတာကို ဆိုလိုခြင်းဖြစ်သည်။ ဒါဝိဒ်မင်းကြီး၏ ပလ္လင်တော်အပေါ် ယေရှုခရစ်တော် ထိုင်နိုင်ရေးအတွက် ယေရုရှလင်မြို့၌ ပြန်လည်နေရာချထားမှုဖြစ်ပေမည်။ ထိုအတိုင်းဆက်ဆက်မပျက်မကွက် ဖြစ်လာမည်။ ကျမ်းစာလာသည်ကား ငါ၏နာမဖြင့်သမုတ်သော တပါးအမျိုးတစ် ပေါင်းတည်း ဟူသော ကျန်ကြွင်းရစ်သော သူတို့သည် ထာဝရဘုရားကို ရှာစေခြင်းငှါနောက်မှငါပြန်လာမည်။ လဲလျက်ရှိသော ဒါဝိဒ်၏တဲကိုပြန်တည်ဆောက်မည်။ ပြိုပျက်ရာ



အာဏာအသုံးပြု၍၊ သူ့လက်အောက်၌ဒူးချအညံ့ခံခိုင်းမည် (ဇာ - ၁၄း၁ အရ)။ "ရန်သူအပေါင်းတို့ကို ခြေဖဝါးအောက်၌ ချထားတော်မူမှီ တိုင်အောင် အုပ်စိုးတော်မူရမည်" (၁ကော ၁၅း၂၅)။

ထိုကဲ့သို့ ခရစ်တော်သည် ယနေ့ကာလကမ္ဘာကြီးကို အုပ်ချုပ်နေသူ စာတန်မာရ်နတ်ဖြစ်သော ဝိညာဉ်ရေးရာအုပ်ချုပ်ချယ်လှယ်သူကို အောင်နိုင်သောအခါ ယခုလက်ရှိလူသားများခံစားနေကြရသော ဒုက္ခဝေဒနာများဖြစ်သည့် လူမှုရေးဒုက္ခ၊ နိုင်ငံရေးဒုက္ခ၊ ဘာသာရေးဒုက္ခ၊ နှလုံးသားရေးရာဒုက္ခ . . . အစရှိသည့်ဖိနှိပ်ချုပ်ချယ်မှုအားလုံးသည် ယေရှုခရစ်တော်၏ လက်ထဲသို့ ရောက်ရှိကုန်ပြီး အမိန့်တော်နာခံလာကြမည်။ လူသားအားလုံးသည်လည်း စိတ်ချမ်းသာကိုယ်ချမ်းသာ၍မြေကြီးပေါ်၌ပင် နေထိုင်ကြပြီး ထာဝရဘုရားကိုယ်တော်မြတ်ကို အမြင့်မြတ်ဆုံးသောနေရာသို့ ဂုဏ်ပြုချီးမွမ်းခြင်းပြုလာကြမည်။ လူ့ဘဝအတွက်လိုအပ်သော စားဝတ်နေရေး၊ ကျန်းမာသန်စွမ်းရေး အစရှိသည်များသည်လည်း အားလုံးအတွက် ပြေလည်သွားတော့မည်ဖြစ်သောကြောင့် ခရစ်တော်အား ချီးမွမ်းဂုဏ်ပြုထောမနာပြုခြင်းသည်လည်းအလိုလိုဖြစ်ပေါ် လာမည်သာဖြစ်သည်။ ထိုကဲ့သို့သောလူ့ဘဝ၏ သာယာပျော်ရွှင်မှုအပြည့်အဝ ရရှိခံစားခြင်းသည် ဓမ္မအခြေခံကျကျဖြင့်ထာဝရဘုရားအား ယုံကြည်ကိုးစားသစ္စာရှိရခြင်း၏ အကြောင်းရင်းဖြစ်ပါသည်။ ထိုကဲ့သို့သောခရစ်တော်အားအစွမ်း ကုန်ချီးမွမ်း ဂုဏ်ပြုမှုသည် လူတိုင်းပြုလုပ်ရမည့် ဝတ္တရားကြီးဖြစ်လာပါသည်။ ထိုကဲ့သို့သော အနေအထားသည် အထူးသဖြင့် ယေရုရှလင်မြို့တော်၏ ဗိမာန်တော်ကြီး၌ ဖြစ်ပေါ်လာပါမည်။ အကြောင်းမှာယေရှုခရစ်တော်ကိုယ်တိုင်ကပင် လွန်ခဲ့သော နှစ်ပေါင်း (၂၀၀၀) ကျော်တုန်းက (ပထမအကြိမ် လာရောက်လာချိန်က) ဤဗိမာန်တော်သည် ကမ္ဘာ့လူမျိုးပေါင်းစုံ

အတွက်ဆုတောင်းဆက်ကပ်ရသော အိမ်တော်ဖြစ်လိမ့်မည်ဟု ကြိုတင်ဟောတော်မူခဲ့သည်။

**ငြိမ်းချမ်းရေးနှင့်စီးပွားရေးသည်လူ့ဘဝ၏အခြေခံဖြစ်လာလိမ့်မည်**

**Peace and True Economics will be the Condition of Life**

ယေရှုခရစ်တော်တကမ္ဘာလုံးကို အုပ်ချုပ်ရာတွင် စစ်ပွဲကြီးများ ဖြစ်လိမ့်မည်။ စစ်အောင်နိုင်မှ ငြိမ်းချမ်းရေးလည်းနောက်ဆုံးရရှိလာမည်။ စီးပွားရေးစနစ်သစ် ထူထောင်ပြီး တကမ္ဘာလုံးအတွက် လုံလောက်မှုအပြည့်အဝ ပေးလိမ့်မည်။ "သို့ရာတွင် သူ၏ကုန်သွယ်ခြင်း၊ အမြတ်ရခြင်းအရာတို့သည် ထာဝရဘုရားအဖို့သန့်ရှင်းလိမ့်မည်။ ဆည်းပူးသိုထားခြင်းမပြုရ။ ကုန်သွယ်သောဥစ္စာသည် ထာဝရဘုရားရှေ့တော်၌ နေသောသူတို့အဖို့ဖြစ်၍ သူတို့သည်ဝစွာစား၍ ခိုင်သောအဝတ်ကို ဝတ်ကြလိမ့်မည်" (ဟေရှာ - ၂၃း၁၈)။ ထာဝရဘုရားနှင့် ပတ်သက်သောလူသားများ၏ ရုပ်ဝတ္တုပစ္စည်းကောင်းစားကြွယ်ဝမှုသည် စနစ်သစ်နှင့်အတူအကောင်အထည်ဖော်လာမည်။ ဝိညာဉ်ရေးရာမှာလည်း အရည်အချင်းသတ်မှတ်ချက်ရှိဦးမည်။ ထိုသို့သော အခြေအနေက ရောင်းလိုအား ဝယ်လိုအား ဟူသမျှဖြည့်ဆည်းပေးပြီး တရားမျှတစွာကျင့်သုံးကာမျက်နှာလိုက်ခြင်း၊ သွေးခွဲခြင်းမရှိသောကြင်နာဂရုဏာကိုလူတိုင်း ဘုရားရှင်၏နိုင်ငံတော်မှ ခံစားကြရလိမ့်မည်။ (မိ ၄း၁-၄၊ ဟေရှာ ၁၁း၁-၃) ပညာရေး စနစ်မှာလည်း ယနေ့ပညာရေးကဲ့သို့ ချို့တဲ့နိမ့်ကျသောပညာရေးစနစ်မဟုတ်ဘဲ ထာဝရဘုရား ၏မေတ္တတရားနှင့်အညီသင်ကြားရသောပညာရေးစနစ်ဖြစ်လာမည်။ ကလေးများကအစ ထာဝရဘုရားအားချစ်ကြောက်ရိုသေမှု ရှိလာလိမ့်မည် (တရား-၆း၇၊မာလ-၄း၆)။

ထိုပညာရေး၏အကျိုးဆက်သည်၊ အကျင့်စာရိတ္တပျက်ပြားနိမ့်ကျမှုကို



လုံးဝပပျောက်သွားစေမည်။ "ယုတ်ညံ့သူကို နောက်တဖန်အမြတ်ဟူ၍ဖွင်းကပ်စေးနဲသောသူကိုလည်း၊ နောက်တစ်ဖန်စွန့်ကြဲတတ်သောသူဟူ၍ဖွင်း မခေါ်ရ (ဟေရှာ ၃၂း၂-၅)။

**ခရစ်တော်ကြွလာလုနီးသည့် အမှတ်လက္ခဏာ**

**A n Unmistakable Sign of Christ's Imminent Coming**

"ခရစ်တော်ဒုတိယကြွလာချိန်သည် အဝေးကြီးလိုသေးသည်" ဟုပေါ့ဆစွာ သဘောထားပြောဆိုခြင်းမပြုသင့်ပါ။ ခြေတစ်လှမ်းပြီးတစ်လှမ်း နီးကပ်လာကြောင်း၊ ကမ္ဘာ့အဖြစ်အပျက်များက သက်သေပြနေပါသည်။ အထင်ရှားဆုံးမှာ အစ္စရေးလူမျိုးတို့ပင်ဖြစ်သည်။ ကမ္ဘာအရပ်ရပ်မှပြန်လာကြပြီး မိမိတို့မူရင်းတိုင်းပြည်ကိုအစ္စရေးတို့က ပြန်လည်ပိုင်ဆိုင်ထူထောင်နိုင်ကြမည့်အကြောင်းကျမ်းစာကအတိအလင်းဖော်ပြထားခဲ့ပါသည်။ အစ္စရေးလူမျိုးတို့ ခေတ်သစ်ဝိညာဉ်ရေးနိုးထခြင်းသည် ခရစ်တော်ကြွလာချိန်အလွန်နီးကပ်နေကြောင်းလက္ခဏာပြခြင်းဖြစ်ပါသည်။ "အရှင်ထာဝရဘုရား၏အမိန့်တော်ကိုလည်း ဆင့်ဆိုရမည်မှာ၊ ဣသရေလအမျိုးတို့ရောက်သော တပါးအမျိုးသားနေရာအရပ်ရပ်တို့မှ သူတို့ကို ငါခေါ်ခဲ့၍၊ စုဝေးစေပြီးလျှင် သူတို့ကို နေရင်းပြည်သို့ ပို့ဆောင်မည်။ ထိုပြည်တွင် ဣသရေလတောင်တို့ပေါ်၌ လူတစ်မျိုးတည်း ဖြစ်စေ၍၊ ရှင်ဘုရင်တစ်ပါးတည်းသာလျှင် ထိုသူအပေါင်းကို စိုးစံရလိမ့်မည်။ နောင်တစ်ဖန် သူတို့သည်လူနှစ်မျိုးမဖြစ်ရ၊ နှစ်တိုင်းနှစ်ပြည် ကွဲပြားလျက်မရှိရ (ယေဇ ၃၇း၂၁-၂၂)။ ခရစ်တော်ပြန်ကြွလာချိန်ပြီးပြည့်စုံလင်လာရေးအတွက်အဆင့် (၃) ဆင့်ရှိနေပါသည်။

(၁) အစ္စရေးလူမျိုးများငှင်းတို့၏ ပြည်တော်ပြန်လာခြင်း။

(၂) အစ္စရေးလူမျိုးကြီး ဝိညာဉ်ရေးရာနိုးထခြင်း။